# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*



ယနေ့ ဖတ် စ ရာ

ရေရှည်ကောင်းမွန်တည်တံ့သောအနာဂတ်အတွက် စာတတ်မြောက်ရေး — ဆောင်းပါး — စာ ၁၆

ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအလင်းရောင် မြစိမ်းရောင် — ဆောင်းပါး — စာ ၂၀



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၆ ရက်သာ လိုတော့သည်။

# ❖ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**❖ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်**

*ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသနေပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရေးအတွက် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ပေးထားမှုနှင့် အားကစားပွဲများကျင်းပလျက်ရှိမှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုနှင့် တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏လုပ်ရပ်များကြောင့် ၎င်းတို့၏ နေရပ်အသီးသီးမှ ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာတိမ်းရှောင်နေရသူများအား ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ယခုထက်လျင်မြန်ချောမွေ့စေရေးအတွက် လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို တင်ပြသည်။

## တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်သူလူထုကိုအခြေပြုသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ တရားဥပဒေနှင့်အညီဖြစ်စေရေး အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဆင့်ဆင့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ မိမိတို့ တာဝန်ယူရသည့်ဒေသများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ပပျောက်စေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန်လိုအပ်မှုများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လမ်းတံတားများနှင့် အဆောက်အဦများဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ်များ ပျက်စီးခဲ့ရသည့် ပြည်သူများအတွက် နေအိမ်များဆောက်လုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးနိုင်ရေး ဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ အခြေခံဆေးဝါးများ လုံလောက်စွာရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်သူ့ကျန်းမာရေးအတွက် ကုသရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုကြောင့် ပျက်စီးခဲ့ရသည့် လမ်းနှင့် တံတားနေရာများကို ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှုနှင့် တံတားအသစ်များ တည်ဆောက်လျက်ရှိမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များအား

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးနေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူများနှင့် အပြန်အလှန်နှီးနှောဖလှယ်၍ တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် မွေးမြူရေးအစာများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ဦးစွာပြောကြားလိုကြောင်း ပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါမဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့မှု၊ နိုင်ငံတော်တွင်ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီကို နိုင်ငံတော်၏ကောင်းရာကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်မည့် စစ်ဘက်၊ အရပ်ဘက်မှ ပုဂ္ဂိုလ်များကို ရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု၊ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့်အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်၍ နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့မှု၊ **အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ရမှု၊** ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် နေရပ်ဒေသများနှင့် နေအိမ်စည်းစိမ်များကို စွန့်ခွာပြီး အခြားဘေးလွတ်ရာဒေသများတွင် ယာယီသွားရောက်ခိုလှုံနေကြရမှု၊ လက်ရှိအချိန်တွင် အဆိုပါလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစိုးဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့်အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်မှု၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

## နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အားပေးရမည်


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်က ပြည်ပမှရရှိခဲ့သည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှ ဝင်ငွေများရရှိရန်အတွက် နိုင်ငံတွင်းရှိ သယံဇာတများ ထုတ်ယူရောင်းချခြင်းနှင့် ကုန်သွယ်မှုရရှိငွေများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူ ဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှတင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကို အဓိက ပိုမိုတင်ပို့ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများကို များစွာသုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးသည့်နိုင်ငံဖြစ်ပြီး မြေပဲနှင့် နှမ်းကို အဓိကစိုက်ပျိုးကြပြီး အခြားဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ သို့သော်လည်း ဆီထွက်သီးနှံများကို ဆီအဖြစ် ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်းစားသုံးဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့်ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး ဆောင်ရွက်ရာတွင် အခြား ပြည်ပနိုင်ငံများမှ ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများတင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေး ကောင်းမွန်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ပေးရန်လိုပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ရှမ်းပြည်နယ်ဒေသအတွင်း သစ်ဝါးများ ပေါများစွာရှိကြောင်း၊ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများရှိပြီး သစ်နှင့်ဝါးကို အခြေခံသည့်

*စာမျက်နှာ ၅ သို့*

- **စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့်ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေးဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများမှ ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်**
- **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများတင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှ တစ်ဆင့် တောင်ကြီးမြို့၏ရှုခင်းများကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ပျော့ဖတ်များ၊ တန်ဖိုးမြှင့်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ အခြားတွင်းထွက်ပစ္စည်းများဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများ ပိုင်ဆိုင်ထားကြောင်း။

## ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရေး

ထိုကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လည်းလိုသဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်များသည် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ပိတ်ထားရကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်အားလုံး အနည်းဆုံး KG + 9 အဆင့်အထိ တက်ရောက်အောင်မြင်ရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသားကျောင်းသူများအားလုံးကိုလည်း အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာတတ်များဖြစ်မှသာ ၎င်းတို့၏ အနာဂတ် တိုးတက်ကောင်းမွန်မည်ဖြစ်သကဲ့သို့ အတွေးအခေါ်များ ကောင်းမွန်လာပြီး စဉ်းစားဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ယခင်က အတန်းပညာအားနည်းခဲ့သူများ ဗဟုသုတနှင့် အသိပညာများ ရရှိနိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာမြင့်မားရေးသည် နိုင်ငံတိုးတက်ရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်တည်ဆောက်ကြမည့် အနာဂတ် လူသားအရင်းအမြစ်များအနေဖြင့် စည်းကမ်းစနစ်တကျရှိသည့် လူငယ်များဖြစ်ရန်လည်း လိုကြောင်း၊ **“အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ဦးစွာခံယူခဲ့ရသူများဖြစ်ကြောင်း၊ ငယ်စဉ်က အတန်းပြီးဆုံးအောင်တက်ရောက်ခဲ့ကြသူများမှာ စည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သူများဖြစ်သကဲ့သို့ ပညာကိုလည်း တတ်မြောက်အောင်မြင်နိုင်ကြသူများဖြစ်ကြောင်း၊ ဥပဒေ၏အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကိုဆောင်ရွက်ပေးရန် လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူအဖွဲ့အစည်း၊ အသိုက်အဝန်းကို ပုံဖော်ပေးရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ သိရှိနားလည်နိုင်ရေး တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ KG+ 11 နှင့် KG+12 တို့ရှိ ကျောင်းသား၊ ကျောင်းသူများကိုလည်း ဥပဒေဆိုင်ရာအခြေခံများကိုသိရှိနိုင်ရေး ဥပဒေပိုင်းဆိုင်ရာအခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း ဆေးရုံများအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍတိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

## ပြည်သူ့လုံခြုံရေး

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့် သတင်းပေးသည့်စနစ်ကို ဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ တစ်ဦးချင်းနှင့်သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ လုံခြုံရေးအသိတရားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံကောင်းအောင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များထမ်းဆောင်ရာတွင် ချမှတ်ထားသည့်ကျင့်ဝတ်၊ စည်းကမ်းများကိုလိုက်နာပြီး နိုင်ငံတော်အပေါ်သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ တာဝန်ကျရာဒေသများမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

## ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှ တစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကိုကြည့်ရှုကာ တောင်ကြီးမြို့ရှိ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကယားပြည်နယ်အတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၃**

ကယားပြည်နယ် အတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ယူရသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။



ထို့နောက် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများမှ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ကျောင်းအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူးက ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကျောင်းများ အမြန်ဆုံးအဆင်ပြေစွာဖွင့်လှစ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် လမ်းတံတားများ လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ KNPP ၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့နှင့် အခြားမြို့များအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့် PDF များ အမည်ခံအကြမ်ဖက်သမားများ အလင်းဝင်ရောက်လာမှု၊ တရားမဝင်သစ်များ ဖမ်းဆီးရမိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နိုင်ငံတော်၊ တပ်မတော်နှင့်လက်တွဲ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့်ပတ်သက်သည့်သတင်းများ စဉ်ဆက်မပြတ်ရရှိအောင် သတင်းရယူတည်ဆောက်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ သွားလာလျက်ရှိသည့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများမရှိအောင် ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ယခင်ကတည်းကပင် ငြိမ်းချမ်းရေးရယူခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုများကို နိုင်ငံတော်၊ တပ်မတော်နှင့်လက်တွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ ဒေသများအတွင်း၌လည်း အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုများကြောင့် နယ်မြေမငြိမ်မသက်မှုများ မဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် **MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့်ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကိုအားပေးနေကြသူများပင်ဖြစ်ကြောင်း။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကိုဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သောပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့်ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့လိုက်ပါ၍ အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံအတွင်း မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံအတွင်း မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အရေးပေါ်ကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ကြည့်ရှု၍ ကျန်းမာရေးအခြေအနေများကို မေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏ သမိုင်းအကျဉ်း၊ အဆောက်အဦများ ဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှု၊ ကင်ဆာရောဂါကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လအလိုက် ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အထူးကြပ်မတ် ကုသမှုများ ဆောင်ရွက်နိုင်မှု၊ ခွဲစိတ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ခွဲစိတ်ရောင်ခြည် ကုသမှုများ ဆောင်ရွက်နိုင်မှုနှင့် ကင်ဆာကုသခြင်းလုပ်ငန်းအတွက် စက်ကိရိယာများ ထပ်မံလိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကုသမှုများ စနစ်တကျဆောင်ရွက်ရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည့် စက်ကိရိယာများကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများ အသုံးပြု၍ ကုသမှုများဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများ အနက် လိုအပ်ချက်ရှိသည့် ဆေးရုံများကို အဆင့်မြှင့်တင်မှုများနှင့် တိုးချဲ့မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နယ်မြေအတွင်း နေထိုင်သည့် ပြည်သူများ၏

*စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စဝ်စံထွန်းဆေးရုံကြီး အဆောက်အဦများ၊ စက်ပစ္စည်းများနှင့် ပတ်သက်သော ခင်းကျင်းပြသထားသည့် မှတ်တမ်းစာအုပ်များအား ကြည့်ရှုစစ်ဆေးစဉ်။



**ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရေးပေါ် ကုသဆောင်တွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက စဝ်စံထွန်းဆေးရုံ၏ သမိုင်းအကျဉ်း၊ အဆောက်အဦများ ဆောက်လုပ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၇ မှ*

လူဦးရေကို တွက်ချက်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးရုံ တိုးချဲ့တည်ဆောက်ရန်အတွက် လိုအပ်သည့်မြေနေရာများကိုလည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများတွင် ကျန်းမာရေး ဝန်ထမ်းများ၏ နေအိမ်များ ထည့်သွင်းတည်ဆောက်ပေးထားရန် လိုကြောင်း၊ ဆေးရုံများအတွက် လိုအပ်သည့် ပါရဂူများကိုလည်း ခန့်အပ်တာဝန်ပေးရမည်ဖြစ်ကြောင်း ပြောကြား၍ ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သန့်ရှင်းသပ်ရပ်နေရန်လို**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပြည်သူတိုင်း ကျန်းမာရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ ငယ်ရွယ်စဉ်ကတည်းကပင် အခြေခံကောင်းများရှိရန် လိုကြောင်း၊ ထို့ကြောင့် အစားအသောက်မှအစ ဂရုတစိုက် ဆောင်ရွက်ရန် လိုကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆေးရုံများသည် ပြည်သူများအတွက် အားကိုးဖွယ်ရာ ဖြစ်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျ ရှိစေလိုကြောင်း၊ ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတစ်ခု ဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်နေရန် လိုကြောင်း၊ အညစ်အကြေးစွန့်သည့်စနစ်များကိုလည်း အနံ့အသက်များ ကင်းရှင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း။

> **“ ဆေးရုံများသည် ပြည်သူများအတွက် အားကိုးဖွယ်ရာဖြစ်အောင် ဆောင်ရွက်ကြရန်လို၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျရှိစေလို ”**

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသူများ ဖြစ်သဖြင့် ဝတ်စားဆင်ယင်မှုများ ကောင်းမွန်နေရန် လိုကြောင်း၊ ဆေးရုံသို့ လာရောက်ကုသသည့် ပြည်သူများအနေဖြင့် မိမိတို့ ဆေးရုံသို့ လာရောက်ချိန်တွင် အားကိုးသည့်စိတ်များ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးရာတွင်လည်း ကောင်းမွန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဆေးရုံတက်ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် အစာအာဟာရများရရှိစေရေး စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများ၏ နေထိုင်မှု အဆင်ပြေရေး အတွက်လည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ပြီး ပြည်သူများမှ အားကိုးရသည့် ကျန်းမာရေးဝန်ထမ်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

**မှတ်တမ်းများကို စနစ်တကျထိန်းသိမ်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီး အဆောက်အဦများ၊ စက်ပစ္စည်းများနှင့် ပတ်သက်သော မှတ်တမ်းစာအုပ်များအား ကြည့်ရှုပြီး တာဝန်ရှိသူများအား မှတ်တမ်းများကို စနစ်တကျဖြင့် ထိန်းသိမ်းရန် မှာကြားသည်။

အဆိုပါ စဝ်စံထွန်းဆေးရုံကြီးကို ၁၉၅၇ ခုနှစ်တွင် ဝန်ထမ်းတပ်မဟာအမှတ်(၁) (Rehabilitation Brigade No.1)မှ တပ်ရင်းမှူး ဗိုလ်မှူးချုပ် မောင်လွင် (B.Sc Engineering)က ဦးဆောင်၍ ရုရှား-မြန်မာ ချစ်ကြည်ရေးအတွက် ရည်ရွယ်ကာ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ၏ စီးပွားရေးနှင့် ကျွမ်းကျင်သူ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အဦအားလုံးအတွက် ငွေကျပ်သိန်း ၄၀ ကုန်ကျခဲ့ပြီး ၁၉၆၁ ခုနှစ်၊ ဇွန်လတွင် စဝ်စံထွန်းဆေးရုံကြီးအား စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပထမဦးဆုံး ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူမှာ ဒေါက်တာ စဝ်နော်ခမ်းဖြစ်ပြီး ရှမ်းပြည်နယ်တွင် တစ်ခုတည်းသောဆေးရုံကြီး ဖြစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်တွင် ခုတင်-၂၀၀ ဆံ့ ဆေးရုံဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ခုတင် - ၅၀၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃) ဖွင့်လှစ်

**ပုသိမ် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁) ကို အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၅၀ အားလည်းကောင်း၊ သင်တန်းအမှတ်စဉ် (၂) ကို တိုင်းဒေသကြီးလွှတ်တော်ရုံးမှ အရာထမ်း၊ အမှုထမ်း ၄၃ ဦးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုထမ်း ၁၅ ဦးတို့အားလည်းကောင်း သင်တန်းများ ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ သင်တန်းအမှတ်စဉ် (၃)ကို တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်း ၁၀၀ တို့အား ဥပဒေအသိပညာပြန့်ပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများအား ဥပဒေအသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် ပြည်သူများအား ဥပဒေအသိပညာများ လက်ဆင့်ကမ်းမျှဝေပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများအား ယခုကဲ့သို့ ဥပဒေအသိပညာပေးသင်တန်းဖွင့်လှစ်





ပေးခြင်းအားဖြင့် မိမိတို့ တာဝန်ယူရသည့်ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်းနှင့် အပြစ်ကင်းစင်ပြီး အကျိုးရှိမှန်ကန် ထိရောက်သည့်လုပ်ရပ်များနှင့် နိုင်ငံနှင့် ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခဲ့ရပါသည်ဆိုသည့်အဖြစ်မျိုး မဖြစ်စေရေးအတွက် လူတိုင်းဥပဒေနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတများရရှိရန် လိုအပ်သည့်အတွက် ယခုလို ဥပဒေအသိပညာပေးသင်တန်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင် ပို့ချပေးသည့် ဥပဒေဘာသာရပ်များကို လေ့လာမှတ်သားပြီး မိမိတို့တာဝန်ယူရသည့် ကဏ္ဍအလိုက် စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း လိုအပ်သော ဥပဒေအသိပညာများကို လက်ဆင့်ကမ်းမျှဝေခြင့်ဖြင့် ပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေး အကျိုးရှိစွာ ဆောင်ရွက်ကြရန် အမှာစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်သည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၄)ကို စက်တင်ဘာ ၂ ရက် မှ ၆ ရက်အထိ စုစုပေါင်း ငါးရက်၊ သင်တန်းချိန် ၂၀ ဖြင့် သင်တန်းသားဦးရေ ၁၀၀ အား နိုင်ငံ့ဝန်ထမ်း များ သိသင့်သိထိုက်သော ဥပဒေဘာသာရပ် ၁၇ ခု၊ စီးပွားရေး စာချုပ်စာတမ်းအကြောင်း သိကောင်းစရာများနှင့်စပ်လျဉ်း၍ ဥပဒေအရာရှိ ကိုးဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌဖလားအခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကတ်ပြိုင်ပွဲသို့ တက်ရောက်ပြီး ပုသိမ်တက္ကသိုလ် လက်ရွေးစင်ခရစ်ကတ်အသင်းမှ အားကစားသမားများ၏ စွမ်းရည်သရုပ်ပြပွဲနှင့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကတ်ပြိုင်ပွဲကို ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ ကျောင်းသားကျောင်းသူ ၃၀၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ကြရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် အသက်မပြည့်သူများမပါရှိစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန်လို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲခြင်းကို အစည်းအဝေး အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အကြံပြုချက်များ ပေးပို့ခဲ့မှုအပေါ် အပြန်ပြန်အလှန်လှန် စိစစ်သုံးသပ်၍ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရာ ယခုနောက်ဆုံး သတ္တမမူကြမ်းရရှိပြီး ဖြစ်ပါကြောင်း။

### အထူးဂရုပြုကြရန်လိုမည်

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁)မှ (၄)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ အနေဖြင့် ကိုယ်လက်အင်္ဂါချို့ယွင်းသူများ၊ မျက်မြင်အနေအထားရပြည်သူ့စစ်မှုထမ်း သင်တန်းတက်ရောက်ရန် မကိုက်ညီသူများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့် ရရှိမည့်သူများအား ဆင့်ခေါ်ခြင်း မပြုမိစေရန်လည်း အထူးဂရုပြုကြရန် လိုမည်ဖြစ်ပါကြောင်း၊ မျက်မြင်အားဖြင့် ပဏာမစိစစ်ရမည့် အချက်များကိုလည်း နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း။

### ဝိုင်းဝန်းဆွေးနွေးအကြံပြု

ပြည်သူ့စစ်မှုထမ်းများအား သင်တန်းတက်ရောက်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်စုရပ်များမှတစ်ဆင့် သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးသို့ ပို့ဆောင်ရပါကြောင်း၊ အချို့သော တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ကုန်းလမ်း၊ ရေလမ်းဖြင့် ပို့ဆောင်ရန်ခက်ခဲသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်း(၄) အပတ်စဉ် ဖွင့်လှစ်ခဲ့ပြီးချိန်တွင် စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ၊ ဆေးစစ်ခြင်း လုပ်ငန်းစဉ်များ၊ သင်တန်းသားများ လက်ခံခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တွေ့ကြုံရသည့် အားသာချက်/ အားနည်းချက်များရှိမည် ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၊ တက်ရောက်လာကြသည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အလုပ်အဖွဲ့များ အနေဖြင့် ၎င်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာ ကိစ္စများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအသိပညာပေး ဆောင်ရွက်မှုအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများက စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် တွေ့ကြုံရသည့် အားသာချက်/အားနည်းချက်များ ကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အလုပ်အဖွဲ့များက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များသည် ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ကြရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် အသက်မပြည့်သူများမပါရှိစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့် ပတ်သက်၍ ဗဟိုအဖွဲ့သို့ အချိန်မီတင်ပြနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သို့မှသာ ဗဟိုအဖွဲ့အနေဖြင့် ဥပဒေအရ ခွင့်ပြုပေးနိုင်မည့်သူများအား သင်တန်းမစမီ ခွင့်ပြုပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အလုပ်အဖွဲ့များက ပြည်သူ့စစ်မှုထမ်း ကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် (National Service Information Management System – NSIMS) နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ် (၅/၂၀၂၄) ကို မကြာမီကာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး သတ်မှတ်ထားသော စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅/ ၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး




**နေပြည်တော် စက်တင်ဘာ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ရောက်ရှိနေသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက် တွေ့ဆုံအားပေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၅/၂၀၂၄) သို့ တက်ရောက်ကြမည့် နိုင်ငံသားကောင်းရတနာများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီ (၂၅) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ (၂၅) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ( ၁ ) ရက်**
**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ( ၃ ) ရက်**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ နှင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ တို့ဖြင့် The Myanmar National Democratic Alliance Army (MNDAA)၊ Ta'ang National Liberation Army (TNLA) နှင့် United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အုပ်စုများသည် အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အရေးကြီးသော အခြေခံအဆောက်အဦများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ အသုံးအဆောင်ပစ္စည်းများ၊ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ လူနေထူထပ်သည့် မြို့ရွာများအား ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊ အဝေးမှလက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ ရဟန်းသံဃာ/ ပြည်သူများကိုသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ပါသည်။

၃။ ၎င်းအပြင် တက္ကသိုလ်/ကောလိပ်/ စာသင်ကျောင်းများအား ဖျက်ဆီးခြင်း၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများသည် နိုင်ငံတော်၏အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို ဆုံးရှုံးစေပါသည်။

၄။ ဤကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအား လူမှုဒုက္ခများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံရေးပါတီများက ပူးတွဲသဘောထားကြေညာချက်များ ထုတ်ပြန်၍ အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ရှုတ်ချမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ MNDAA၊ TNLA နှင့် AA လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းအား သန်းပေါင်းများစွာသော ပြည်သူများကိုယ်စား မိမိတို့နိုင်ငံရေးပါတီများက အပြည့်အဝထောက်ခံပါကြောင်းနှင့် အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထာဝရဆန့်ကျင်သွားမည်ဖြစ်ကြောင်း အောက်တွင်လက်မှတ်ရေးထိုး ပူးတွဲသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ(ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီ ပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၂။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | |

## ဖျာပုံမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်



**ဖျာပုံ စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းကို စက်တင်ဘာ ၃ ရက်က ဖျာပုံမြို့ အထက (၁) ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက နည်းပြသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့်Tablet နှင့် ဆက်စပ်ပစ္စည်းများကို ခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံယူသည်။ သင်တန်းတွင် ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲနှင့် ဘိုကလေးမြို့နယ်တို့မှ သင်တန်းသား ၅၄ ဦး တက်ရောက်ပြီး စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြို့သစ်မြို့နယ်ရှိ အောင်နိုင်သူဝါကြိတ်စက်သို့ ရောက်ရှိပြီး ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် ဝါဖန်စက်များမှ ဝါဂွမ်းအထုပ်များ ထုတ်လုပ်ရောင်းချမှုအဆင့်မှ ချည်ဖြစ်သည်အထိ လိုအပ်သော နည်းပညာ၊ စက်ပစ္စည်းများကို ပံ့ပိုးပြီး Value Added အဖြစ် အဆင့်ဆင့် ထုတ်လုပ်နိုင်ရန်၊ ထုတ်လုပ်ပြီး ဝါဂွမ်းချည်များ ဈေးကွက်သေချာစွာရရှိရေး ချိတ်ဆက်ဆောင်ရွက်ရန်၊ ဝါစိုက်ဧကနှင့် ကုန်ကြမ်းရရှိမှုအပေါ်မူတည်၍ ဝါဖန်စက်များ ထပ်မံလိုအပ်မှု ရှိ၊ မရှိ တင်ပြပေးသွားရန်နှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာရှိ အခြေခံပညာ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း၌ မြေပြင်သာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများရရှိရေး စိတ်တူကိုယ်တူ ဆန္ဒတူသူများဖြင့် သမဝါယမအသင်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းရန်ပုံငွေ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းသား ဝါစိုက်တောင်သူ ၅၇ ဦး၏ ဝါစိုက်ဧက ၁၀၄ ဧကအတွက် မျိုးနှင့် သွင်းအားစုဓာတ်မြေဩဇာများကို အသင်းသား တောင်သူများထံ လည်းကောင်း၊ မြေပြင်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်သူထည့်ဝင်ငွေနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာ ကော်မတီဝင်များထံ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသင်းသားတောင်သူ ငါးဦး၏ စိုက်ဧက ၁၅ ဧကတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် ဝါစိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြို့သစ်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးရွာသုံးရွာ၊ အိမ်ခြေ ၁၀၇၆ အိမ်၊ လူဦးရေ ၅၇၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် နေပြည်တော်-မြို့သစ်-ကံပြား ကားလမ်းမကြီးမှ လေးတိုင်းစင်ကျေးရွာ ဆက်သွယ်သောလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မင်းဘူးမြို့ရှိ ရတနာဖြိုး ဝါစက်၊ ဆီစက်၌ ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ရုံးသစ်တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သောစပါး၊ ဆီထွက်သီးနှံ စီမံကိန်းများ၊ ဝါစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ၊ ဝါနှင့်နေကြာ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး) ၌ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံအမှာစကားပြောကြားကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်၍ သင်တန်းကျောင်း ခန်းမဆောင်နှင့် ထမင်းစားဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို နိုင်ငံ့သားကောင်းများဖြစ်လာစေရေး လေ့ကျင့်ပြုစုပျိုးထောင်ပေး

**နေပြည်တော် စက်တင်ဘာ ၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ နည်းပညာတက္ကသိုလ် (တောင်ကြီး)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (တောင်ကြီး)အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါတက္ကသိုလ်နှင့်အထက်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေးစဉ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးကြီးဆုံးကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရန်နှင့် ကျင့်ဝတ်များကို လေးစားလိုက်နာသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတကာ အသိအမှတ်ပြု အင်ဂျင်နီယာနှင့် သုတေသနကို ဦးတည်သော တက္ကသိုလ်ဖြစ်လာစေရန်၊ ဘက်စုံထူးချွန်သော အင်ဂျင်နီယာများနှင့် ဆန်းသစ်တီထွင်သော သုတေသီများကို မွေးထုတ်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးဒေသမှ တွဲဖက်တာဝန် ထမ်းဆောင်နေကြသော ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်နှစ်အလိုက် ခင်းကျင်းပြသထားသော သုတေသနပရောဂျက်များနှင့် စာသင်ခန်းများ၌ ပညာသင်ကြားသင်ယူမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ၊ ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများ၊ အားကစားကွင်းနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

**ညောင်လေးပင် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်း ဖြစ်သောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ထားကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နီလာထွန်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများထံသို့ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။



အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၆ ဦး၊ အရန်သင်တန်းသား လေးဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း ယခုနှစ်တွင် စာကြည့်တိုက်အသစ် ခုနစ်တိုက် တည်ဆောက်ဖွင့်လှစ်သွားမည်

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ်အတွင်း ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်ပေါင်း ၃၃တိုက်ရှိပြီး ယခုနှစ်တွင် စာကြည့်တိုက်အသစ် ခုနစ်တိုက်ကို တည်ဆောက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု လှာကမြင်ကွက်သစ်၌ ကျင်းပသည့် အလင်းတိုက်စာကြည့်တိုက်သစ်ဖွင့်ပွဲမှ သိရသည်။

အလင်းတိုက် စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုထည့်ဝင်ငွေ သိန်း ၉၀ စုစုပေါင်းငွေကျပ်သိန်း၂၄၀ ကျော်ဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင် အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရာတွင် စာဖတ်အားကောင်းလာစေရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးသည် မဖြစ်မနေလိုအပ်ကြောင်း၊ စာကြည့်တိုက်များနှင့် စာအုပ်စာပေများသည် မိမိတို့လက်လှမ်းမီသော နေရာများတွင်သာ တည်ရှိနေပြီး လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ကြကာ လူတန်းစားမရွေး၊ အသက်ကြီးငယ်မရွေး၊ လူမျိုးဘာသာမခွဲခြားဘဲ ဗဟုသုတရှာမှီးရာနေရာတစ်ခုဖြစ်သည့်ကြောင့် စာကြည့်တိုက်မှ စာအုပ်စာပေများကို ဖတ်ရှု၍ ဘဝတိုးတက်အောင်မြင်အောင်၊ မိမိတို့၏ အနာဂတ် မျိုးဆက်သစ် လူငယ်များကိုလည်း အစဉ်အမြဲ စာပေဖတ်ရှုလေ့လာနိုင်အောင်၊ စာဖတ်များအောင် တိုက်တွန်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်များအတွက် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းကြရာ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု ဖအွဲ့(ကော့ကျိုက်) ကျေးရွာအုပ်စု မုက္ကဒိကျေးရွာအုပ်စုများရှိ စာကြည့်တိုက် သုံးတိုက်အတွက် တစ်တိုက်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေပဒေသာပင် ငွေကျပ်သိန်း ၃၀၊ အလင်းတိုက်စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ် ၁၁ သိန်းနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖတစ်ဦးတို့က အလင်းတိုက်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာကြည့်တိုက်အဆောက်အအုံကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ စာကြည့်တိုက်အတွင်းရှိ စာအုပ်စာစောင်၊ ပရိဘောဂများနှင့် ဒေသခံပြည်သူများ၏ သုတ၊ ရသ စာအုပ်စာစောင်များ လာရောက်လေ့လာဖတ်ရှုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ စာကြည့်တိုက်ကိုလာရောက်အသုံးပြုသူများအတွက် အများသုံးသန့်စင်ခန်း တည်ဆောက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးများနှင့် ရှမ်းပြည်နယ်မှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ ရှမ်းပြည်နယ်( မြောက်ပိုင်း )နှင့် ကယားပြည်နယ်တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**တောင်ကြီး စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်တို့သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့မှ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။






တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးများက နိုင်ငံတော်၏ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများ၊ စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ တောင်သူနှင့် ဌာနပညာရှင်များ၊ သုတေသီများ အပြန်အလှန်ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ခေတ်မီအွန်လိုင်းမီဒီယာအသုံးပြု နည်းပညာပြန့်ပွားရေး ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများ၊ ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး တောင်သူဝင်ငွေရသီးနှံအမယ်သစ်များ စိုက်ပျိုးမွေးမြူ ထုတ်လုပ်နိုင်စေရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် ဆီထွက်သီးနှံ အထူးဇုန်တာဝန်ခံများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများက ဝန်ထမ်းရေးရာနှင့် လုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း တင်ပြကြရာ ဒုတိယဝန်ကြီးများက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းပြီး စားအုန်းဆီအရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသော အိမ်ထောင်စုများ၊ စားအုန်းဆီကို လျင်မြန်လွယ်ကူစွာဖြင့် အိမ်အရောက် ဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် စတင် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင်၂၀၂၄ ခုနှစ် ဩဂုတ်လတွင် အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် တစ်ကြိမ်လျှင် နှစ်ပိဿာနှုန်းဖြင့် ဖြန့်ဖြူးခဲ့ရာ မှာကြားသူများပြားသည့်အတွက် စက်တင်ဘာလမှစ၍ အိမ်ထောင်စုတစ်စုလျှင် တစ်လ သုံးပိဿာနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ခရိုင် ၁၄ ခု၊ မြို့နယ် ၄၄ မြို့နယ်တွင် ခရိုင်အလိုက် Call Center များ ထားရှိပြီး မှာကြားချက်များကို လက်ခံမှတ်သားသွားမည် ဖြစ်သည်။ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရ ရုံးပိတ်ရက်မပါ) မှာကြားနိုင်ပြီး တိုက်ကြီးခရိုင်၊ လှည်းကူးခရိုင်၊ မှော်ဘီခရိုင်၊ မင်္ဂလာဒုံခရိုင်၊ အင်းစိန်ခရိုင်၊ သန်လျင်ခရိုင် တွံတေးခရိုင်၊ မရမ်းကုန်းခရိုင်တွင် နေထိုင်ကြသူများအနေဖြင့် Call Center ဖုန်း ၀၁ - ၄၇၀၅၅၆၆ (လိုင်းခွဲ-၁၅လိုင်း)၊ ၀၉၉၄၀၁၇၁၂၂၂ (လိုင်းခွဲ-၁၅ လိုင်း) သို့ လည်းကောင်း၊ ကျောက်တံတားခရိုင်၊ အလုံခရိုင်၊ သဃ်္ဃန်းကျွန်းခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ ကမာရွတ်ခရိုင်တို့တွင် နေထိုင်ကြသူများအနေဖြင့် Call Center ဖုန်း ၀၉-၇၇၁၀၀၂၇၂၂ (လိုင်းခွဲ - ၁၀ လိုင်း)၊ ၀၁-၄၇၀၆၇၂၂ (လိုင်းခွဲ-၁၀ လိုင်း)သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

Delivery ခကို ဝယ်သူဘက်မှ ပေးချေရမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် ငွေကျပ် ၂၀၀၀၊ စည်ပင်သာယာနယ်နိမိတ်အပြင်ဘက်ဆိုလျှင် ငွေကျပ် ၂၅၀၀ ထက်မပိုသည့် ဈေးနှုန်းဖြင့် ပို့ဆောင်ပေးနေပြီး ဖြန့်ဖြူးရောင်းချပေးသည့် စားအုန်းဆီများကို နိုင်ငံခြားကနေ စတင် တင်သွင်းကတည်းက သတ်မှတ် စံချိန်စံနှုန်းများကို စစ်ဆေးထားသည့်အပြင် စားအုန်းဆီကန်များမှ FDA စစ်ဆေးပြီး ခွင့်ပြုချက်ရပြီးသော ဆီများကို ဘူးသွတ်စက်ရုံသို့ သယ်ဆောင်၍ ဘူးသွတ်ဖြန့်ဝေခြင်း ဖြစ်သည်။

ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တွင် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီ တင်သွင်းသော ကုမ္ပဏီများက လက်လီ/လက်ကားအရောင်းဆိုင်များမှ တစ်ဆင့် လုပ်သားပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများ ဖြန့်ဖြူးပေးလျက်ရှိရာ ဆီထုတ်ကိုယ်စားလှယ် ၁၄၂ ဦး၊ လက်ကားရောင်းချသူ ၄၀၁ဦး၊ လက်လီရောင်းချသူ ၅၃၆၇ ဦးရှိပြီး ယခုဆောင်ရွက်သော အစီအစဉ်သည် နေ့စဉ်လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများနှင့် ရုံးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းအနေဖြင့်လည်း လုပ်သားပြည်သူများ စားသုံးဆီ ပြတ်လပ်မှု မရှိစေရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

Futsal-19 အသင်းက M2K အသင်းကို သုံးဂိုး-ဂိုးမရှိ၊ Seven အသင်းက 7 Brother အသင်းကို သုံးဂိုး-နှစ်ဂိုး၊ MIU အသင်းက YRG အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြည့်စုံအသင်းနှင့် TG United အသင်း၊ Winner Soccer အသင်းနှင့် MH Dream Team အသင်း၊ VUC အသင်းနှင့် Futsal-19 အသင်း၊ Seven အသင်းနှင့် MIU အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက်ရှိ အိမ်မဲမြို့တည် သမိုင်းဝင်ရှင်ပင်ချမ်းသာကြီးဘုရား၌ မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းပြီး စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြစဉ်။ ချစ်သက်လယ်(ပြန်/ဆက်)

# ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်တို့ ရှိနေသရွေ့ ဆက်လက်တိုက်ခိုက်သွားမည်ဟု အစ္စရေးဝန်ကြီးချုပ်ပြောကြား

ဂါဇာ စက်တင်ဘာ ၃

ဂါဇာကမ်းမြောင်ဒေသတွင် ဟားမားစ်တို့ရှိနေသရွေ့ ဂါဇာတွင် ဆက်လက်တိုက်ခိုက်သွားမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ၎င်း၏ရုပ်တည်ချက်ကို ပြောကြားလိုက်သည်။ အစ္စလမ္မာစ်အုပ်စု ဖမ်းဆီးထားသည့် ဓားစာခံများ လွှတ်ပေးရန် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် တောင်းဆိုမှုများ မြင့်မားနေချိန်တွင် ယခုလို နေတန်ယာဟုက ၎င်း၏ရုပ်တည်ချက်ကို ပြောကြားလိုက်ခြင်းဖြစ်သည်။



ဖမ်းဆီးထားသော ဓားစာခံများဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အကောင်အထည်ဖော်ရန်အတွက် အစ္စရေးတပ်ဖွဲ့ဝင်များကို ဂါဇာဒေသမှ အလုံးစုံဆုတ်ခွာပေးရန် ဟားမားစ်တို့က တောင်းဆိုထားသည်။ သို့သော်လည်း အစ္စရေးသည် အီဂျစ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ဂါဇာတောင်ဘက်စွန်းရှိ ဖီလာဒဲလ်ဖီးလ်စင်္ကြံကို ထိန်းသိမ်းရမည်ဖြစ်ကြောင်း နေတန်ယာဟုက တနင်္လာနေ့က ပြောကြားလိုက်သည်။ အဆိုပါဒေသသည် ဟားမားစ်တို့အတွက် လက်နက်ပြန်လည်တပ်ဆင်ရန် အဓိက ပိုက်လိုင်းတစ်ခုဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အကယ်၍ နေတန်ယာဟုက ဓားစာခံများကို စေ့စပ်ညှိနှိုင်းမည့်အစားစစ်ရေးအရ ဖိအားပေးမှုဖြင့် လွှတ်မြောက်ရန် တောင်းဆိုပါက ဖမ်းဆီးခံထားရသည့် ဓားစာခံများကို အခေါင်းဖြင့် အိမ်ပြန်ပို့လိုက်မည်ဖြစ်ကြောင်း ဟားမားစ်တို့က ယင်းနေ့တွင်ပြောကြားလိုက်သည်။

ဖမ်းဆီးထားသည့်နေရာများသို့ အစ္စရေးတပ်ဖွဲ့ဝင်များ ချဉ်းကပ်လာပါကလည်း ဓားစာခံများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို အစောင့်အကြပ်များကို ညွှန်ကြားထားကြောင်း ဟားမားစ်တို့က ပြောကြားလိုက်သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွတ်မြောက်ရေး ကြိုးစားလုပ်ဆောင်နေသော အမေရိကန်စေ့စပ်ညှိနှိုင်းရေးမှူးများ၏ အခြေအနေကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဒုတိယသမ္မတ ကာမလာ ဟားရစ်တို့က အကျဉ်းချုံးပြောကြားခဲ့သည်။ တနင်္လာနေ့ အစည်းအဝေး မတိုင်မီ နေတန်ယာဟုသည် သဘောတူညီချက်ရရှိရန် လုံလောက်စွာ လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း ဘိုင်ဒင်က သတင်းထောက်များကို ပြောကြားလိုက်သည်။

ဘိုင်ဒင်က အမေရိကန်သည် သဘောတူညီချက်အတွက် နောက်ဆုံးအဆိုပြုချက်တင်သွင်းရန် နီးစပ်လာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

# ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းမုန်တိုင်းတိုက်ခတ် ၁၃ ဦးထက်မနည်း သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရ

မနီလာ စက်တင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းမုန်တိုင်းတစ်ခုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပွားကာ ၁၃ ဦးထက်မနည်း သေဆုံးပြီး အခြား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းအင်အားပြင်းမုန်တိုင်းသည် လူဇုံကျွန်းအရှေ့ပိုင်း ကုန်းတွင်းပိုင်းသို့ တနင်္လာနေ့က ဝင်ရောက်ခဲ့သည်။ ရီဇယ်ပြည်နယ်တွင် မြေပြိုကျမှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ ယင်းသေဆုံးသူများထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်နှစ်ဦး ပါဝင်ကြောင်းသိရသည်။

မုန်တိုင်းကြောင့် လူဇုံနှင့် ဗစ်ဆိုင်းယပ်စ်ကျွန်းတို့မှ မိသားစုပေါင်း ၃၇၀၀၀ ကျော် ရေဘေးသင့်မှုဖြစ်ပွားခဲ့သည်။ အစိုးရသည် ရေဘေးဒဏ်သင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများကို စတင်ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ





ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ် ဒါဒူခရိုင်ရှိ ရေကြီးနစ်မြုပ်မှုဖြစ်ပွားသော နေရာတစ်ခုကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

# အာဖရိက ဦးချိုဒေသ ရာသီဥတုဆိုင်ရာ လုပ်ဆောင်ချက်များကို ကူညီရန် ကန်ဒေါ်လာ ၁၅၁ သန်းရရှိမည်

နိုင်ရိုဘီ စက်တင်ဘာ ၃

ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုထားသည့် Green Climate Fund အဖွဲ့သည် အာဖရိကဦးချိုဒေသတွင် ရာသီဥတုခံနိုင်ရည်ရှိမှုကို ကိုင်တွယ်ဖြေရှင်းရန် အဓိကအစီအစဉ်တစ်ခုအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၅၁ သန်းကို ပေးအပ်ရန် အတည်ပြုခဲ့ကြောင်း အာဖရိက ချေးငွေသမားတစ်ဦးက တနင်္လာနေ့က ပြောကြားလိုက်သည်။

အာဖရိကဖွံ့ဖြိုးရေးဘဏ်က ပံ့ပိုးပေးထားသည့် ယင်းအစီအစဉ်သည် ဘဏ်အုပ်စု၏ အာဖရိကဦးချိုဒေသအတွက် စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နေ့စဉ်လူနေမှုဘဝအတွက် ရာသီဥတုဒဏ်ခံနိုင်ရည်တည်ဆောက်ရေးအစီအစဉ်ကို ထောက်ပံ့ပေးမည်ဖြစ်ပြီး ဂျီဘူတီ၊ ဆိုမာလီယာ၊ ကင်ညာ၊ အီသီယိုးပီးယားနှင့် တောင်ဆူဒန်တစ်ဝန်းရှိ ပြည်သူ ၄ ဒသမ ၆ သန်းကို အကျိုးပြုမည်ဖြစ်သည်။

ဘဏ္ဍာငွေသစ်သည် ရပ်ရွာလူထုဗဟိုပြုနှင့် ကျား မ ဟန်ချက်ညီရေးဆိုင်ရာ အပြောင်းအလဲများကို ဖြေရှင်းရာတွင် ကူညီပေးမည်ဖြစ်ကြောင်း အာဖရိကဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်ထားသည်။

ဆင်ဟွာ



# ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်စဉ်များအကြား လူပေါင်း ၂၉၃ ဦးသေဆုံးပြီး ၅၆၄ ဦး ထိခိုက်ဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် စက်တင်ဘာ ၃

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်လအတွင်း မုတ်သုံမိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် လူပေါင်း ၂၉၃ ဦးထက်မနည်းသေဆုံးကာ အခြား ၅၆၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နိုင်ငံတစ်ဝန်း နေအိမ် ၁၉ ၅၇၂ လုံး၊ တံတား ၃၉ စင်းနှင့် စာသင်ကျောင်းအများအပြားမှာ တစ်စိတ်တစ်ပိုင်းသို့မဟုတ် အလုံးစုံပျက်စီးမှုဖြစ်ပွားကြောင်း၊ ထို့ပြင် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၀၇၇ နီးပါး သေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုအများဆုံးနှင့် သေဆုံးမှုအများဆုံးမှာ နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်မှဖြစ်ပြီး လူပေါင်း ၁၁၂ ဦး အသက်ဆုံးရှုံးခဲ့ပြီး အခြား ၃၀၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းနောက်တွင် နိုင်ငံအနောက်မြောက်ပိုင်း ခေဘာပတ်ခ်တွန်းခွာပြည်နယ်တွင် ၈၈ ဦး သေဆုံးပြီး ၁၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဆင်ဟွာ

# ပထမရှစ်လအတွင်း ဆန်တန်ချိန် ၆ သန်းကျော် ဗီယက်နမ်နိုင်ငံ တင်ပို့

ဟန္နိုင်း စက်တင်ဘာ ၃

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း ဆန်တန်ချိန် ၆ ဒသမ ၁၆ သန်း တင်ပို့နိုင်ခဲ့ပြီး နှစ်အလိုက် ၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဗီယက်နမ်နယူးစ်က ကိုးကားဖော်ပြထားသည်။

ယင်းကာလအတွင်း ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅ ဘီလီယံနီးပါးရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၅ ဒေါ်လာ အထိရှိခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ပထမရှစ်လအတွင်း ပျမ်းမျှဆန်တင်ပို့မှုဈေးနှုန်းမှာ ၁၄ ဒသမ ၈ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ရှစ်သန်းကျော်အထိတင်ပို့ရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄) ကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ တိုင်းဒေသကြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအား ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် မူဝါဒချမှတ်ပြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းများစသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအား သန်းခေါင်စာရင်းမှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အဆင့် စီမံကိန်းအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူ၍ မိမိတို့တိုင်းဒေသကြီးအတွက် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းအောင်က တိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု ဆောင်ရွက်ထားရှိမှု၊ မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးဆိုင်ရာကိစ္စရပ်များ၊ မဲစာရင်းပြုစုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေး ခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနေမှုအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

**ပဲခူး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပသည့် တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနေမှုတို့အား သွားရောက် ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း ဗုဒ္ဓအသံဓမ္မဗိမာန်၌ ကျင်းပနေသည့် တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှ အဆင့်မြင့်ပညာအဆင့် အဆို (မဟာဂီတ) ပြိုင်ပွဲဝင် မအိမ့်မှူးခင်နှင့် မဟေမာန်ကျော်တို့က "ပပဝင်းဝင်း"သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေမှုအား လည်းကောင်း၊ ရှင်စောပုလမ်း သီရိဟံသာခန်းမ၌ ဝါသနာရှင်ဒုတိယအဆင့် မယ်ဒလင်အတီးပြိုင်ပွဲဝင် ဦးစန်းဝင်း၊ ဦးရမ်းကျော်နှင့် ဦးသန်းရှိန်တို့က "ပန်းဟေဝန်" သီချင်းဖြင့် မယ်ဒလင်အတီးပြိုင်ပွဲဝင်နေမှုနှင့် ဦးသန်းရှိန်၏ ဝါသနာရှင်ဒုတိယ အဆင့် ဂီတာအတီးပြိုင်ပွဲတွင် လက်စွမ်းပြတီးခတ်မှုအားလည်းကောင်း ကြည့်ရှုအားပေးပြီး ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် ပဲခူးမြို့ ဟံသာဝတီရပ်ကွက် မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် (၁၅-၂၀) ဆိုင်းအဖွဲ့ လိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်တီးခတ်နေမှုတို့အား ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီး အဆင့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ဗုဒ္ဓအသံဓမ္မဗိမာန်တွင် အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲအား လည်းကောင်း၊ သီရိဟံသာခန်းမတွင် အတီးပြိုင်ပွဲအားလည်းကောင်း၊ မြို့တော်ခန်းမ၌ ဆိုင်းအတီးပြိုင်ပွဲနှင့် အကပြိုင်ပွဲအားလည်းကောင်း စုစုပေါင်းပြိုင်ပွဲဝင် ၂၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်

**ပြည် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ဦးစွာ ပြည်ခရိုင် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ပြည်ခရိုင်အတွင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ခရိုင် သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက တာဝန်ရှိသူများနှင့်အတူ သင်တန်းသားသင်တန်းသူများထံ Mobile Tablet နှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ၁၀ ရက်ကြာဖွင့်လှစ်မည်ကာ သင်တန်းတွင် တိုင်းဒေသကြီးအဆင့် သင်တန်းတက်ရောက်ခဲ့ပြီးသော သင်တန်း နည်းပြများက သန်းခေါင်စာရင်းဆိုင်ရာ အဓိကသဘောတရားများ၊ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် လက်တွေ့ လေ့ကျင့်ခန်းများကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်းနှင့် ရွှေတောင်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပေါင်းတည် စက်တင်ဘာ ၃**

ပေါင်းတည်မြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇နာရီတွင် ပေါင်းတည်ပြည်သူ့ဆေးရုံဝင်း၌ မြို့နယ်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေး ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆောင်ရွက်မှုကို ပေါင်းတည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဇော်နိုင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးရဲမြင့် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ပေါင်းတည် ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင်ရှိ ချုံနွယ်မြက်ရိုင်းများ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ သိမ်းဆည်းစွန့်ပစ်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ပြုလုပ်ခြင်းများကို စုပေါင်းပြုလုပ်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကချင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အခြေခံစားသောက်ကုန်များထောက်ပံ့

**မြစ်ကြီးနား စက်တင်ဘာ ၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းရှိ ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၄၄၀ ကျော်တို့အတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုအချိန်ကာလသည် ဒေသအခြေအနေအရ မော်တော်ယာဉ်လမ်းများပိတ်ပြီး ကုန်ဈေးနှုန်းမြင့်မားနေချိန်ဖြစ်သည့်အတွက် ဝန်ထမ်းများ တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရေး၊ ဝန်ထမ်းများအနေဖြင့် နေ့မအား၊ ညမနား အားကြိုးမာန်တက် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် အလုပ်ကြိုးစားဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုသည့်အနေဖြင့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း အချင်းချင်း ချစ်ခင်စည်းလုံးစွာ၊ ပျော်ရွှင်စွာဖြင့် ယခုထက်ပိုပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးစားထမ်းဆောင်ကြရန် လိုအပ်ကြောင်း တိုက်တွန်းအားပေးသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ကချင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

ဆက်လက်၍ အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် အဖွဲ့ဝင်များက ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း/ အမှုထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းများ၊ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ စုစုပေါင်း ဝန်ထမ်းဦးရေ ၄၄၂ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၉၃၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် တစ်အိတ်၊ ဆီနှစ်ပိဿာ၊ အာလူးတစ်ပိဿာ၊ ကြက်သွန်ဖြူ ၅၀ ကျပ်သားစီနှင့် ဂျုံခေါက်ဆွဲခြောက်များနှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၈၃၁၀၆၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက မြစ်ကြီးနားခရိုင်အတွင်း ဖြန့်ဖြူးသွားမည့် စားအုန်းဆီပိဿာ ၂၅၀၀ ကိုလည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ပူတာအိုခရိုင်အတွက် ဖြန့်ဖြူးသွားမည့် စားအုန်းဆီပိဿာ ၂၅၀၀ ကိုလည်းကောင်း ခရိုင်ကိုယ်စားလှယ်များထံ အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများကလည်း အဆိုပါခန်းမ၌ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များအား တွေ့ဆုံအားပေးကာ အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်သည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းများအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေရေး နှစ်စဉ် အခါကြီးရက်ကြီးများ အပါအဝင် အခါအားလျော်စွာ အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးခဲ့ရာ ယခုနှစ် ၂၀၂၄ ခုနှစ်အတွင်း ယနေ့ထောက်ပံ့ပေးအပ်မှုသည် လေးကြိမ်မြောက် ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသော ဦးတည်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁) ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ပြိုင်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**



အုပ်စု(ခ) ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး – နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဆက်လက်ပေးပို့

**နေပြည်တော် စက်တင်ဘာ ၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၇၅၉၁ အိတ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ပရိဘောဂပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် စုစုပေါင်း ၈၆၉ ဒသမ ၃၂ တန်ကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်ခဲ့သည်။ **(ဝဲပုံ)**

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၁၀၉၉ ဒသမ ၄၃ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟသ်ာတခရိုင်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ဟသ်ာတ စက်တင်ဘာ ၃**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စာစီစာကုံး (အထက်တန်းဆင့်နှင့် အလယ်တန်းဆင့်)ပြိုင်ပွဲများ၊ အလယ်တန်းဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ အထက်တန်းနှင့် အလယ်တန်းဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲများတွင် ခါးကွင်းလှည့်ပြိုင်ပွဲနှင့် ပင်ပေါင်သီး လက်ဆင့်ကမ်းသယ်ပြိုင်ပွဲ၊ စကားပုံဆက်နှင့် အရုပ်ဆက်ပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးလျက်ရှိသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုနိုင်ရန် လှပသာယာ ပြည်မြန်မာ ဓာတ်ပုံပြခန်းနှင့် ဖွံ့ဖြိုးဝေစည် ရွာဝတီ ပြိုင်ပွဲဝင် ဓာတ်ပုံပြခန်း၊ စာအုပ်ပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ် ဈေးရောင်းပွဲတော်တွင် စာအုပ် အရောင်းဆိုင်သုံးဆိုင်မှ ဈေးနှုန်းသင့်တင့်စွာဖြင့် ရောင်းချပေးခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသူများ လေ့လာကြည့်ရှုအားပေးကြသည်။

ထို့နောက် ဟသ်ာခန်းမအတွင်း ဖျော်ဖြေရေးအစီအစဉ်များကို ကျင်းပရာ ကျောင်းသားကျောင်းသူများက တေးသရုပ်ဖော်များ၊ သိုင်းသရုပ်ပြသခြင်းများဖြင့် တင်ဆက်ကြသည်။ ထို့နောက် စာရေးဆရာ ပန်းမြိုင်လယ်စိန်ဝင်းက "အနာဂတ်လူငယ်များ စာဖတ်ရှိန်မြင့်မားဖို့" ခေါင်းစဉ်ဖြင့် စာပေဟောပြောသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# ရေရှည်ကောင်းမွန်တည်တံ့သော အနာဂတ်အတွက် စာတတ်မြောက်ရေး

ကိုဘုန်း(ထုတ်လုပ်)

**နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ လူတစ်ဦးချင်းနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း မီးမောင်းထိုးပြသည့် ကမ္ဘာလုံးဆိုင်ရာ အခမ်းအနားတစ်ခုဖြစ်သည်။ ဤနေ့သည် စာတတ်မြောက်ရေး၏ အရေးပါမှုနှင့် ပတ်သက်၍ အသိပညာများမြှင့်တင်ရန်နှင့် ကမ္ဘာတစ်ဝန်း စာတတ်မြောက်မှုနှုန်း မြင့်မားရေးအတွက် ကြိုးပမ်းအားထုတ်မှုများ အရှိန်မြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။**




**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်ပေါ်လာပုံ**

၁၉၆၅ ခုနှစ်တွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)က ကြီးမှူး၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ စီးပွားရေး၊ လူမှုရေးပညာရှင်များစုံညီစွာဖြင့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (A World Literacy Congress) ကို စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ ရက်တိုင် ကျင်းပခဲ့ကြသည်။ ထိုကွန်ဂရက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ အကြောင်းအမျိုးမျိုးကြောင့် စာမတတ်သူများ၏ အခြေအနေ၊ စာမတတ်မြောက်သောဘဝသို့ ရောက်ရှိရသည့် အကြောင်းတရားများနှင့် တိုက်ဖျက်နိုင်မည့် နည်းလမ်းများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများတွင် စာမတတ်မှုနှင့် နောက်ဆက်တွဲပြဿနာများ၊ စာမတတ်သူဦးရေ တိုးပွားမှုမရှိစေရေးနှင့် စာမတတ်သူ တစ်စတစ်စ ကျဆင်းသွားစေမည့် အထောက်အကူပြုနည်းလမ်းများ စသည့် အကြောင်းအရာများကို ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ ထိုသို့ စာမတတ်သူပပျောက်ရေး လှုပ်ရှားမှုများကို အင်တိုက်အားတိုက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် ကျင်းပခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို အကြောင်းပြု၍ ၁၉၆၆ ခုနှစ်တွင် ယူနက်စကို အထွေထွေညီလာခံကြီးက စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ လာမည့် စက်တင်ဘာ ၈ ရက်တွင် ၅၈ နှစ်တိုင်တိုင် ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်သည် **"အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန် လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့"** (Promoting multillngual education Literacy for mutual understanding and peace) ဖြစ်ပါသည်။ အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးကို မြှင့်တင်ရန်အတွက် ဘာသာစကားမျိုးစုံ ပညာရေးနှင့် စာတတ်မြောက်ရေးတို့ကို မြှင့်တင်ခြင်းသည် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ရရှိစေပါသည်။ ဘာသာစကားမျိုးစုံကို သင်ယူခြင်းသည် လူတစ်ဦးချင်းစီ၏ မတူညီသောယဉ်ကျေးမှုများကို နားလည်သဘောပေါက်စေပြီး ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်နှင့် စာနာနားလည်မှုကို တိုးပွားစေကာ မလိုမုန်းထားမှုများကို လျှော့ချပေးပါသည်။

ဘာသာစကားမျိုးစုံပညာရေးသည် လူ့အဖွဲ့အစည်းများအား ၎င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်စေခြင်း၊ မတူညီသော ဘာသာစကားနောက်ခံမှ လူများအကြား ထိရောက်သော ဆက်သွယ်မှုကို လွယ်ကူချောမွေ့စေပြီး ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ခြင်း၊ နားလည်မှုလွဲမှားမှုများကို လျှော့ချခြင်းဖြင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေနိုင်ခြင်း၊ ပိုမိုကောင်းမွန်သော ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်နှင့် သိမြင်မှုပြောင်းလွယ်ပြင်လွယ်ရှိနိုင်ခြင်း၊ ကွဲပြားသောအမြင်များနှင့် ပြဿနာဖြေရှင်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

**စာတတ်မြောက်ရေး၏ အရေးပါမှု**

စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းစီအား ၎င်းတို့၏ အသိုင်းအဝိုင်းများနှင့် အပြည့်အဝထိတွေ့ဆက်ဆံရန်၊ သတင်းအချက်အလက်ရယူရန်နှင့် ဆုံးဖြတ်ချက်များကိုချမှတ်ရန် အရေးပါပါသည်။ စာတတ်မြောက်ခြင်းသည် ပုဂ္ဂိုလ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ပြီး လူများသည် ၎င်းတို့၏အခွင့်အရေးများကို ပိုမိုနားလည်သဘောပေါက်နိုင်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု ရယူရန်၊ ပညာရေးကို လိုက်စားရန် အထောက်အကူပြုပါသည်။ နိုင်ငံတကာစာတတ်မြောက်ရေးသည် ဆယ်စုနှစ်များအတွင်း သိသာထင်ရှားသော တိုးတက်မှုများရှိသော်လည်း ကမ္ဘာတစ်ဝန်း လူသန်းပေါင်းများစွာသည် အခြေခံစာတတ်မြောက်မှုစွမ်းရည်များ ချို့တဲ့နေဆဲဖြစ်ပြီး ပထဝီဝင်အနေထား၊ ကျား၊ မနှင့် လူမှုစီးပွားအခြေအနေများအပေါ်အခြေခံ၍ ကွာဟမှုများမှာ ဆက်လက်တည်ရှိနေပါသည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် စာတတ်မြောက်ရေး အခန်းကဏ္ဍကို အလေးပေးလုပ်ဆောင်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံးကို နားလည်သဘောပေါက်ပြီး ဖြေရှင်းနိုင်ရန် ကူညီပေးသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို မြှင့်တင်ရန်အတွက် စာတတ်မြောက်မှုသည် အရေးကြီးပါသည်။

**မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုသမိုင်း**

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုမှာ ရှေးဘုရင်များလက်ထက်တွင် ဘုန်းတော်ကြီးသင် စာပေသင်ကြားမှု အကျိုးကျေးဇူးများကြောင့် ကျေးလက်ပြည်သူများပါမကျန် စာတတ်မြောက်ကြပြီး စာတတ်မြောက်မှုနှုန်း ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်ကို လေ့လာသိရှိရသည်။ မြန်မာနိုင်ငံသည် ကိုလိုနီ နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝကျရောက်ခဲ့စဉ် မြန်မာလူမျိုးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ အဘက်ဘက်မှ နိမ့်ကျချို့ယွင်းခဲ့ပြီး စာတတ်မြောက်နှုန်းမှာလည်း ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် သူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရရှိသည့်ကာလမှ အစပြု၍ စာမတတ်သူပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် လူထုပညာရေးအက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၉ ခုနှစ် မတ်လမှစ၍ လူထုပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့် "အ" သုံးလုံးကျေသင်တန်းများကို ပထမလေးနှစ်စီမံကိန်း (၁၉၅၂-၁၉၅၆)နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၅၆-၁၉၆၀)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ စာတတ်မြောက်ရေး ကြိုးပမ်းအားထုတ်မှုအနေဖြင့် ၁၉၆၄-၁၉၈၈ ခုနှစ်အတွင်း အခြေခံပညာကို လူတိုင်းသင်ယူခွင့်ရရှိရန် ကြိုးပမ်းခဲ့ကြသည်။ အခြေခံပညာရေး၏ အဓိကအရင်းခံမှာ စာတတ်မြောက်ရေးဖြစ်သောကြောင့် စာတတ်မြောက်ရေးကို အထူးအားထုတ် ကြိုးပမ်းခဲ့ကြသည်။

၁၉၆၄ ခုနှစ်တွင် "အ" သုံးလုံးကျေ သင်တန်းများကို စေတနာ့ဝန်ထမ်းများဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ခရိုင်လုံးကျွတ် စာတတ်မြောက်လာသည်အထိ သတ်မှတ်ကြိုးပမ်းခဲ့ရာ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်သည် တစ်နိုင်ငံလုံး၌ ပထမဆုံးခရိုင်လုံးကျွတ် စာတတ်မြောက်သည်အထိ အောင်ပွဲခံခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် တိုင်းလုံးကျွတ်စာတတ်မြောက်ရေး အောင်ပွဲများ ကျင်းပနိုင်ခဲ့ပါသည်။ **"စာတတ်မြောက်ရေး လူ့အခွင့်အရေး၊ စာမတတ်သူ တို့ဝိုင်းကူ"** ဟူသည့် ကြွေးကြော်သံဆောင်ပုဒ်များဖြင့် မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေး အောင်ပွဲများကို ကျင်းပနိုင်ခဲ့ကြပါသည်။ ထိုသို့ စာတတ်မြောက်ရေးကို ပြည်သူများ၏ ပါဝင်လှုပ်ရှားမှု (The mass literacy movement)အဖြစ် ကမ္ဘာသိ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ယူနက်စကိုအဖွဲ့က စာတတ်မြောက်ရေး အထိမ်းအမှတ်ဆုများအဖြစ် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီ ဇာပလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုများကို ချီးမြှင့်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် တစ်ယောက်မကျန် စာတတ်ရန်ဟု ကြွေးကြော်လျက် သက်ကြီးစာမတတ်သူများကို ဝိုင်းဝန်းကူညီသင်ကြားပေးခဲ့ရာ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားခဲ့သည်။ နိုင်ငံတော်မှ စာတတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုမှာ ၉၁ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် ၉၄ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၀၆ ခုနှစ်တွင် ၉၄ ဒသမ ၃၅ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်တွင် ၉၄ ဒသမ ၇၅ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်နှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ် လူမှုရေးကဏ္ဍတွင် ပါဝင်သော **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"**ဟူသော ဦးတည်ချက်အတွက် ပညာရေးဝန်ကြီးဌာနမှ ပညာရေးတွင် လူတိုင်းပါဝင်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး (Formal Education)နှင့် အတူ ကျောင်းပြင်ပပညာရေး (Non–Formal Education) တို့ဖြင့်ပါ ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပပညာရေးဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာကိုပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများ ခွဲခြားသတ်မှတ်ပြီး စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးခြင်းဖြစ်သည်။ အဆိုပါစဉ်ဆက်ပညာရေး အစီအစဉ်၌ပါဝင်သည့် တန်းညှိပညာရေးအစီအစဉ်တွင်ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး

*စာမျက်နှာ ၁၇ သို့*

■ **ဘာသာစကားမျိုးစုံပညာရေးသည် လူ့အဖွဲ့အစည်းများအား ၎င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်စေခြင်း၊ မတူညီသောဘာသာစကားနောက်ခံမှ လူများအကြား ထိရောက်သောဆက်သွယ်မှုကို လွယ်ကူချောမွေ့စေပြီး ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခြင်း၊ နားလည်မှုလွဲမှားမှုများကို လျှော့ချခြင်းဖြင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေနိုင်ခြင်း၊ ပိုမိုကောင်းမွန်သော ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်နှင့် သိမြင်မှုပြောင်းလွယ် ပြင်လွယ်ရှိနိုင်ခြင်း၊ ကွဲပြားသောအမြင်များနှင့် ပြဿနာဖြေရှင်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် "အဂတိပယ်ခွာ ပြည်သာယာ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -
- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိလူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - JPG၊ A3 (297 x 420 mm) with correct aspect ratio၊
- (၃) Resolution - 300 dpi၊
- (၄) File Size - 15 Mb ထက်မပိုစေရ၊
- (၅) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းချက် စာသားသီးခြားဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် zinwaihnin88@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ် အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ Download ရယူနိုင်ပြီး ဦးညိုမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၂၀၁၉၀၀၄ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၆၇-၈၁၀၃၃၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဂ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီရမည် -
- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိလူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - mpeg 4၊
- (၃) Resolution - 1920 x 1080 p ထက်မပိုစေရ၊
- (၄) File Size - 300 Mb ထက်မပိုစေရ၊
- (၅) Sound - 16-bit, stereo၊
- (၆) Duration - 120 Seconds ထက်မပိုစေရ၊
- (၇) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် စာတန်းထိုး ဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် ms.khinmoeou@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ် အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၆၇-၈၁၀၃၃၄၃ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

(င) ဆောင်းပါးနှင့်စပ်လျဉ်း၍ ဝင်ရောက်ယှဉ်ပြိုင်လိုပါက အောက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -
- (၁) အသက် - ကန့်သတ်ချက်မရှိ၊
- (၂) ဘာသာစကား - မြန်မာ၊
- (၃) ပုံစံ - ကွန်ပျူတာစာစီဖြစ်ရမည်၊
- (၄) အရေအတွက် - A4 ဆိုဒ် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာအတွင်း၊
- (၅) ကန့်သတ်ချက် - ကျောကပ်ရေးသားခြင်းမပြုရ၊
- (၆) ကိုးကားချက်များရှိပါက ပြည့်စုံစွာ ထည့်သွင်းဖော်ပြရန်။

(စ) ဆောင်းပါးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy (၁) စုံ၊ Soft Copy (၁)စုံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာ sabalphyu315@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ် အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်သင်းသင်းဇင်၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၀၁၂၂၁၃ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဆ) ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများတွင် အောက်ပါအချက်များ ပါရှိပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ-
- (၁) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သော စာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားခြင်း၊
- (၂) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း။

(ဇ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုများနှင့် ဆောင်းပါးများကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ဈ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် "အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား" တွင် ဆုချီးမြှင့်ပေးမည်ဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

---

*စာမျက်နှာ ၁၆ မှ*

အစီအစဉ်များကို သင်ကြားပေးပြီးနောက် လုပ်ငန်းခွင်များသို့ ချိတ်ဆက်ပို့ဆောင်ခြင်း၊ ကျောင်းသင်ပညာရေးဖြစ်သည့် အခြေခံပညာရေးသို့ အတန်းသို့ကူးပြောင်း၍ တက်ရောက်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့၏ ဒေသတွင်းနိုင်ငံတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေသောကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့်အတိုင်း ကျေးလက်ဒေသများနှင့် အစွန်အဖျားဒေသများပါမကျန် ကျောင်းသင်ပညာရေး နည်းလမ်းများအပြင် ကျောင်းပြင်ပ ပညာရေးနည်းလမ်းများဖြင့် ပြည်သူများအတွက် အတန်းပညာတတ်မြောက်ရေး၊ စာတတ်မြောက်ရေး၊ စဉ်ဆက်မပြတ် ပညာရေးနှင့် တန်းညှိပညာရေး အစီအစဉ်များ ပါဝင်သော ကျောင်းပြင်ပမူလတန်း ပညာရေး၊ ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များနှင့် ဘဝတစ်သက်တာသင်ယူမှုများ ရရှိနိုင်အောင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စေတနာရှင်အလှူရှင်များ၏ ပါဝင်မှုတို့ဖြင့် လူတိုင်းအတွက် ပညာရေးကို ဝိုင်းဝန်း ဖော်ဆောင်ပေးလျက်ရှိပါသည်။

**ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသန္တရလုပ်ဆောင်မှုများ**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာရေးဆိုင်ရာ အစီအစဉ်များနှင့် ရပ်ရွာလူ့ပ်ရှားမှုများ အပါအဝင် အခမ်းအနားအမျိုးမျိုးဖြင့် ကျင်းပကြသည်။ ဤပွဲများတွင် သုတေသနဆောင်ရွက်ထားခြင်းများကို ဆွေးနွေးကြခြင်း၊ အောင်မြင်သော စာတတ်မြောက်ရေးအစီအစဉ်များကို မျှဝေခြင်း၊ ကျွမ်းကျင်သူများက အတတ်ပညာဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အရင်းအမြစ်များကို မြှင့်တင်ပေးသည့် ဟောပြောမှုများပြုလုပ်ခြင်းနှင့် ဒေသန္တရလုပ်ဆောင်မှုများတွင် စာတတ်မြောက်ရေးအလုပ်ရုံဆွေးနွေးပွဲများ၊ ပုံပြင်ပြောခြင်းများနှင့် စာဖတ်ဝိုင်းအသွင် စာဖတ်ခြင်းများကို ပြုလုပ်ကြသည်။

**စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ**

စာတတ်မြောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများရှိသော်လည်း သိသာထင်ရှားသော စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ ယူနက်စကို၏ အဆိုအရ ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်ပြီးသူ ၇၇၃ သန်းခန့်သည် အခြေခံစာတတ်မြောက်မှုစွမ်းရည်ချို့တဲ့ကြပြီး ကလေး သန်း ၂၅၀ ကျော်သည် အနိမ့်ဆုံး စာတတ်မြောက်မှုအဆင့်ကို မရရှိကြကြောင်း သိရသည်။

**❖ ယူနက်စကို၏အဆိုအရ ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်ပြီးသူ ၇၇၃ သန်းခန့်သည် အခြေခံစာတတ်မြောက်မှုစွမ်းရည်ချို့တဲ့ကြပြီး ကလေး သန်း ၂၅၀ ကျော်သည် အနိမ့်ဆုံး စာတတ်မြောက်မှုအဆင့်ကို မရရှိကြကြောင်း သိရ**

**❍ စာအုပ်များလှူဒါန်းခြင်း၊ စာတတ်မြောက်ရေးအစီအစဉ်များတွင် စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်း (သို့မဟုတ်) လူမှုမီဒီယာတွင် အသိပညာဖြန့်ဝေခြင်းကဲ့သို့သော ရိုးရှင်းသောလုပ်ဆောင်ချက်များသည် စာတတ်မြောက်မှုမြှင့်တင်ရန် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းအားထုတ်မှုကို အထောက်အကူဖြစ်စေ**

ယနေ့အချိန်တွင် ဒစ်ဂျစ်တယ် သင်ကြားရေးကိရိယာများနှင့် အွန်လိုင်းအရင်းအမြစ်များကဲ့သို့သော နည်းပညာတိုးတက်မှုများသည် စာတတ်မြောက်ရေးနှင့် ပညာရေးတွင် ကွာဟချက်ကို ပေါင်းကူးပေးနိုင်သည်။ ဆန်းသစ်တီထွင်သော အစီအစဉ်များနှင့် အစိုးရများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုများသည် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ထိရောက်သော စာတတ်မြောက်ရေးဆိုင်ရာ ဖြေရှင်းချက်များကို ဖန်တီးပေးနိုင်သည်။ ပြည်သူတစ်ဦးချင်းစီသည် စာတတ်မြောက်ရေး ပညာပေးလှုံ့ဆော်ခြင်းနှင့် စာတတ်မြောက်မှုနှုန်း တိုးတက်စေရန် လုပ်ဆောင်သော အဖွဲ့အစည်းများမှတစ်ဆင့် ပံ့ပိုးပေးနိုင်ပါသည်။ စာအုပ်များ လှူဒါန်းခြင်း၊ စာတတ်မြောက်ရေးအစီအစဉ်များတွင် စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်း (သို့မဟုတ်) လူမှုမီဒီယာတွင် အသိပညာဖြန့်ဝေခြင်းကဲ့သို့သော ရိုးရှင်းသော လုပ်ဆောင်ချက်များသည် စာတတ်မြောက်မှုမြှင့်တင်ရန် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းအားထုတ်မှုကို အထောက်အကူဖြစ်စေပါသည်။

**အနာဂတ်အတွက် စာတတ်မြောက်ရေး**

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့မှသည် လူတိုင်းစာတတ်မြောက်၍ ၎င်းတို့၏ စာဖတ်ခြင်းနှင့် အရေးအသားစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် ဘာသာစကားစုံပညာရေးကိုမြှင့်တင်ပြီး အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် ရေရှည်တည်တံ့မည့် ကမ္ဘာကြီးကို တည်ဆောက်ရမည်ဖြစ်ပါကြောင်းကို တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်၌ မြန်မာ့ရိုးရာလောင်းလှေအသင်း ၃၀ ခန့် ထည့်သွင်းကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ (၁၄၁) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၌ ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို ပြိုင်ပွဲဝင်လှေအသင်း ၃၀ ခန့်ဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အခုနှစ် (၁၄၁) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦး စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်မှာ ထည့်သွင်းကျင်းပမယ့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၃၀ ခန့်နဲ့ ထည့်သွင်းကျင်းပမှာဖြစ်ပါတယ်။ မနေ့က မွန်းလွဲပိုင်းမှာ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီအနေနဲ့ ပြိုင်ပွဲဝင်လှေအသင်းတာဝန်ခံတွေနဲ့တွေ့ပြီး ပြိုင်ပွဲစည်းကမ်းချက်တွေကိုရှင်းလင်းတာ၊ ပြိုင်ပွဲဝင်လှေအသင်း စာရင်းအတည်ပြုလက်ခံတာတွေကို ဆောင်ရွက်ခဲ့ရာ အမျိုးသားအငယ်တန်းပြိုင်ပွဲ အသင်း ၁၈ သင်းနဲ့ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ငါးသင်းတို့ကို စာရင်းအတည်ပြု လက်ခံရရှိပြီးဖြစ်ပါတယ်။ အမျိုးသားအကြီးတန်းပြိုင်ပွဲဝင် အသင်းအရေအတွက်ကို ယနေ့မွန်းလွဲပိုင်းမှာ ထပ်မံအတည်ပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ပြောသည်။

မိတ္ထီလာမြို့ (၁၄၁) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ဘုရားပွဲဈေးတန်းနှင့် ဈေးဆိုင်ခန်းများခင်းကျင်းပြသရောင်းချခြင်းများဖြင့် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



# နတ်မောက်မြို့နယ်၌ မေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်

**နတ်မောက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်ခြင်းကို စက်တင်ဘာ ၂ရက်က အဆိုပါရုံး၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဒေါက်တာခင်ခင်ပြည့်က နတ်မောက်မြို့နယ်အတွင်းမှာ နည်းစနစ်ကျမှန်ကန်သော မေထုန်မဲ့သားစပ်ကျွမ်းကျင်သူ အရေအတွက် တိုးပွားလာပြီး မေထုန်မဲ့သားစပ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အသားထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရေး၊ စားသုံးမှုဖူလုံစေရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက် လာစေရန်နှင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များတိုးပွားရေးအတွက် မေထုန်မဲ့သားစပ်ခြင်းနည်းပညာဖြင့် မျိုးမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးဆောင်ကြီးကြပ်၍ မေထုန်မဲ့သားစပ်သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး



သင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိက ပြောသည်။

လှဝင်း

# မုဒုံမြို့၌ ကျောင်းသား ကျောင်းသူများအတွက် လူငယ်စကားဝိုင်းကျင်းပ

**မုဒုံ စက်တင်ဘာ ၃**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အ.ထ.က (၁)ကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်စန္ဒာက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတများ တိုးပွားလာစေ၍ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာဖတ်ရှိန်ပိုမိုမြင့်မားစေရန်၊ ပြင်ပစာပေများကို ဖတ်ရှုလေ့လာနိုင်စေရန်အတွက် လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ Grade– 9 မှ ကျောင်းသားကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေး၊ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်၊ ဝန်းကျင်ကမ္ဘာထိန်းသိမ်းရေးအိုဇုန်းလွှာအလေးပေး၊ ယဉ်ကျေး သွင်ပြင်ဝတ်စားဆင်ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အမေးအဖြေများဖြင့် အပြန်အလှန်ဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက စာကြည့်တိုက်များအတွက် ငွေကျပ် နှစ်သိန်းနှစ်သောင်း တန်ဖိုးရှိ စာအုပ်စာစောင်များကို လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)



# သရက်ချောင်းမြို့နယ်၌ ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန့်ချဆေးပေါင်း တိုက်ကျွေးခြင်းများ ဆောင်ရွက်



**သရက်ချောင်း စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦး ကြီးကြပ်မှုဖြင့် ဆရာ ဆရာမများက ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး သန့်ချဆေးပေါင်း တိုက်ကျွေးပေးခြင်းကို စက်တင်ဘာ ၂ ရက်က သရက်ချောင်းမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဦးဇော်လွင် ဦးဆောင်၍ ဆရာ ဆရာမများက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများသို့သွားရောက်ကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန့်ချဆေးပေါင်း တိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

# မိုးနဲမြို့နယ်၌ ထင်းစိုက်ခင်းပျိုးထောင်စိုက်ပျိုး

**မိုးနဲ စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ကွန်နားကျေးရွာအုပ်စု လွိုင်လင်းခေတ်မီ စံပြကျေးရွာထူထောင်ရေးစီမံကိန်းကျေးရွာတွင် ထင်းစိုက်ခင်းပျိုးထောင်စိုက်ပျိုးခြင်းကို စက်တင်ဘာ ၁ ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ကျေးရွာထင်းစိုက်ပျိုးခြင်းအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးက ကျေးရွာထင်းပျိုးပင်များစိုက်ပျိုးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ မြို့နယ်သစ်တော ဦးစီးဌာန တောအုပ် ဦးစိုင်းအောင်သင်းက ပျိုးပင်များဖြန့်ဖြူးပေးနေမှုနှင့် သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများက မဲဇလီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ စုစုပေါင်း ပျိုးပင် ၁၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)



# နတ်တလင်းမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**နတ်တလင်း စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာပေချစ်မြတ်နိုးသူကျောင်းသားကျောင်းသူများနှင့်စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အားပြောကြားပြီး စာရေးဆရာ အောင်ကိုဦး (UMK) ၏ "လူငယ်တွေကို လမ်းဖွင့်ပေးပါ" စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့ရာ အ.ထ.က (မြို့မ) Grade–10 မှ ကျောင်းသား ကျောင်းသူများက ကိုယ့်ရဲ့ပင်ကို စွမ်းရည်က ဘာလဲ၊ အတွေးအမြင်အသစ်တွေရှိပါစေ ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျေးလက်ဒေသ ဖွံ့ဖြိုးမှု အလင်းရောင် မြစိမ်းရောင်

ဇာနည်(ကျေးလက်)

ပြင်လက်စ ဆိုင်ကယ်များအကြား ဦးစိုင်းပန်းစိန်သည် အလုပ်များနေသည်။ ဦးစိုင်းပန်းစိန်၏ လုပ်ငန်းခွင်သည် အလုပ်များလေ ဝင်ငွေများလေ ဖြစ်သည့်အတွက် မိသားစုဝင်ငွေတိုးရေးကို ကိုယ်တိုင်ကိုယ်ကျ နှစ်ဆကြိုးစားလျက်ရှိသည်။

**"အရင်က နေ့စားလုပ်ခနဲ့ သူများဆီ လုပ်ရတာ။ မိသားစုဝင်ငွေအတွက် ကိုယ်ပိုင်လုပ်ငန်းလေးနဲ့ ကြိုးစားချင်တာက အိပ်မက်ပဲ။ အခု အဲဒီအိပ်မက်ကလေးက မြစိမ်းရောင်ကြောင့် အသက်ဝင်ခဲ့တာပါ"** ဟု မိုင်းရှူးမြို့နယ် ပိန်းကန်းကျေးရွာမှ ဦးစိုင်းပန်းစိန်က ပြောသည်။

ဦးစိုင်းပန်းစိန်တို့ကဲ့သို့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းက အထောက်အပံ့ပြုလျက်ရှိသည်။ မြစိမ်းရောင်စီမံကိန်းသည် ပြည်သူနှင့်မစိမ်းတော့သည့် ဖွံ့ဖြိုးမှုစီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ခဲ့သည်။

မြစိမ်းရောင်စီမံကိန်းသည် စီမံကိန်းရာသီစက်ဝန်းများစွာကို ကျော်လွှန်ခဲ့ပြီး နိုင်ငံအတွင်းရှိ ကျေးရွာများအပေါ် စီမံကိန်းလွှမ်းခြုံပေးနိုင်မှု ၂၃ ဒသမ ၆၆ ရာခိုင်နှုန်းရှိပြီဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်သည်။

**"ကျွန်တော်တို့နိုင်ငံမှာ ကျေးရွာပေါင်း ၆၃၂၁၇ ရွာရှိပါတယ်။ စီမံကိန်းအစကနေ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၁၂၇၆၂ ယူနစ်နဲ့ အကျိုးပြုကျေးရွာပေါင်း ၁၄၈၅၈ ရွာကို အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သန်း ၃၆၄၃၂၀ နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် အတိုးရငွေကျပ် ၂၈၂၇၇၁ ဒသမ ၀၃၉ သန်းအထိ တိုးပွားလာခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်နေအိမ်ထောင်စု ၁၃၃၂၃၀၈ ၊ လူဦးရေ ၉၃၂၆၁၅၆ ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ အခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ကျေးရွာ ၁၉၄ ရွာမှာ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေး လျာထားပါတယ်"** ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဇာနည်မင်းက ပြောကြားသည်။

**အရင်းမပျောက် မတည်ရန်ပုံငွေဖြင့် လုပ်ကိုင်သောလုပ်ငန်းများ**

မြစိမ်းရောင်စီမံကိန်းမှ ပေးအပ်သည့် အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဒေသအခြေအနေအပေါ် မူတည်၍ လုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအား ရန်ပုံငွေကျပ် ၃၀၀၇၀၀.၂၃၁ သန်းဖြင့် ၆၀.၅၂ %၊ မွေးမြူရေးလုပ်ငန်းအား ရန်ပုံငွေကျပ် ၁၂၆၈၆၁.၅၀၅ သန်းဖြင့် ၂၅.၅၃%၊ ရေလုပ်ငန်းအား ရန်ပုံငွေကျပ် ၉၄၃၆.၂၄၃ သန်းဖြင့် ၁.၉ %၊ မီးလင်းရေးလုပ်ငန်းအား ရန်ပုံငွေကျပ် ၄၃.၂၆ သန်းဖြင့် ၀.၀၁ %၊ ကုန်ထုတ်လုပ်ငန်းအား ရန်ပုံငွေကျပ် ၃၄၀၈.၉၃၆ သန်းဖြင့် ၀.၆၉ %၊ အရောင်းအဝယ်လုပ်ငန်းအား ရန်ပုံငွေကျပ် ၄၄၆၄၉.၄၂၉ သန်းဖြင့် ၈.၉၉ %၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအား ရန်ပုံငွေကျပ် ၁၀၅၄၂.၈၅၁ သန်းဖြင့် ၂.၁၂ %၊ အသေးစားစက်မှုလက်မှုလုပ်ငန်းအား ရန်ပုံငွေကျပ် ၁၂၂၅.၄၃၀ သန်းဖြင့် ၀.၂၅ % အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ရန်ပုံငွေအဖြစ် ထောက်ပံ့ငွေအား စီမံကိန်းမှမတည်ပေးမည်ဖြစ်ပြီး ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် နိုင်ငံတော်မတည်ငွေကို အများသဘောတူညီချက်ဖြင့် ကျေးရွာလူထုကိုယ်တိုင်မှ စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်သည့်နည်းကို အသုံးပြုလျက်ရှိသည်။

စီမံကိန်းမတည်ရန်ပုံငွေကို ကျေးရွာရှိ အိမ်ခြေအပေါ်မူတည်၍ ပေးအပ်ခြင်းဖြစ်ပြီး အိမ်ခြေ ၁၀၁ နှင့်အထက်ကို Type-1 ငွေကျပ်သိန်း ၃၀၀ ၊ အိမ်ခြေ ၅၁ နှင့် ၁၀၀ ကြားကို Type-2 ငွေကျပ်သိန်း ၂၀၀ ၊ အိမ်ခြေ ၅၀ နှင့်အောက်ကို Type-3 ငွေကျပ်သိန်း ၁၀၀၊ အိမ်ခြေ ၈၀ အောက် လျော့နည်းသောကျေးရွာများအား စုစည်းဆောင်ရွက်ခြင်း Type-4 ငွေကျပ်သိန်း ၃၀၀ စသည့် အမျိုးအစားလေးမျိုးဖြင့် ဆောင်ရွက်နေသည်။

မြစိမ်းရောင်မတည်ရန်ပုံငွေမှ ကျေးရွာသူ၊ ကျေးရွာသားများအား ချေးငွေထုတ်ချေးပေးရာတွင် အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား ၅၀ နှုန်းမှ ၁ ကျပ် ပြား ၅၀ နှုန်းအတွင်း ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့မှ အများသဘောတူအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ပေးကာ အရင်းမပျောက်စနစ်ဖြင့် လည်ပတ်လျက်ရှိသည်။

**စီမံကိန်းမတည်ရန်ပုံငွေပေးအပ်ရာတွင်**
**ဒစ်ဂျစ်တယ်စနစ်သုံးလုပ်ဆောင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းမတည်ရန်ပုံငွေကို ကျေးလက်ပြည်သူထံပေးအပ်ရာတွင် ယခင်က ငွေသားပေးအပ်ခဲ့သော်လည်း ပို၍လုံခြုံအဆင်ပြေသော ဒစ်ဂျစ်တယ်စနစ်သုံး Mobile Financial Payment စနစ်ဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်မှ စတင်ကာ ပြောင်းလဲလုပ်ဆောင်ပေးခဲ့သည်။ ဒစ်ဂျစ်တယ်စနစ်သုံး Mobile Financial Payment ကို တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခု၊ မြို့နယ် ၇၉ မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၂၂၆ ယူနစ်၊ ၂၄၃ ရွာ၊ အသင်းသား ၂၄၈၉၇ ဦးထံ စနစ်တကျပေးအပ်နိုင်ခဲ့သည်။

ပုဂ္ဂလိကဘဏ် (သို့) ဝန်ဆောင်မှုကုမ္ပဏီများက ဒစ်ဂျစ်တယ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာများတွင် အလွယ်တကူ ရန်ပုံငွေထုတ်ချေးနိုင်ရန် ကျေးရွာတစ်ရွာလျှင် ကိုယ်စားလှယ် (Agent) ထားရှိသဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် စီမံကိန်းရန်ပုံငွေများ အလွယ်တကူထုတ်ယူနိုင်မည်ဖြစ်သည်။

> ❖ **မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် အရင်းမပျောက်လည်ပတ် ရန်ပုံငွေအမျိုးအစားဖြစ်ပြီး တိုးပွားလာသည့် အတိုးရငွေများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကျေးရွာများအတွက် ထပ်ဆင့်ဖွံ့ဖြိုးမှုရရှိစေ**
>
> ❖ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများကို အကျိုးပြုသည့် စီမံကိန်းဖြစ်သည့်အတွက် ဘဏ္ဍာနှစ် တစ်နှစ်ပြီးတစ်နှစ် စီမံကိန်းကျေးရွာများကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

ဒစ်ဂျစ်တယ်နည်းစနစ်ဖြင့် စီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် Smart Phone အသုံးပြုများသည် Mobile Wallet Account စနစ်နှင့် Keypad Phone အသုံးပြုသူများသည် Over the Counter (OTC) စနစ်တို့ဖြင့် ကိုယ်တိုင်ကိုယ်ကျ ချေးယူနိုင်သည်။ အကယ်၍ မိုဘိုင်းဖုန်းအသုံးမပြုပါက စီမံကိန်းလုပ်ငန်းအဖွဲ့က တာဝန်ခံ၍ ကိုယ်စားလှယ်(Agent)ထံ ငွေသားထုတ်ယူပြီး ကျေးရွာသူ/ကျေးရွာသားများထံ တစ်ဆင့်ပြန်လည်ထုတ်ချေးယူနိုင်သည်။

**"မြစိမ်းရောင်က ကျွန်တော်တို့ကျေးရွာတွေ အဆင်ပြေအောင် ချေးငွေပေးတယ်။ အခု တစ်ဆင့်မြှင့်ပြီး နည်းပညာအကူအညီနဲ့ ပိုလွယ်သွားတယ်။ ချေးငွေကို ရပ်ထဲရွာထဲတင် ထုတ်လို့ရနေပြီ။ ကျေးလက်နေပြည်သူနဲ့ မြစိမ်းရောင်က မစိမ်းတော့တဲ့ စီမံကိန်းပါ။ မြစိမ်းရောင်ရန်ပုံငွေရရင် အဲဒီကျေးရွာမှာ ပိုပြီးလူမှုစီးပွားဖွံ့ဖြိုးလာတယ်။ ကျေးလက်ဒေသတွေကို တကယ်အကျိုးပြုတာမို့ ပိုပြီးအဆင့်မြင့်စေချင်တယ်။ ပိုပြီးကျယ်ပြန့်စေချင်ပါတယ် "** ဟု ရှားတောကျေးရွာမှ ဦးစိုးနိုင်ဦးက ပြောသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် အရင်းမပျောက်လည်ပတ် ရန်ပုံငွေအမျိုးအစားဖြစ်ပြီး တိုးပွားလာသည့် အတိုးရငွေများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကျေးရွာများအတွက် ထပ်ဆင့်ဖွံ့ဖြိုးမှုရရှိစေသည်။

စီမံကိန်းကရရှိသည့် အတိုးရငွေကျပ် ၃၈၀၇၁.၇၃၆ သန်း၊ ကျေးရွာသူ/ကျေးရွာသားများ၏ စေတနာအလျောက် ထည့်ဝင်ကြသည့် ပြည်သူထည့်ဝင်ငွေကျပ် ၁၇၀၄၅.၈၇၁ သန်း၊ စုစုပေါင်း ငွေကျပ် ၅၅၁၁၇.၆၀၇ သန်းဖြင့် ကျေးရွာ ၃၇၅၇ တွင် လမ်း/တံတား၊ ရေ၊ မီး၊ ကျန်းမာရေး၊ ပညာရေး၊ စာကြည့်တိုက်၊ ဆေးပေးခန်းနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်း စုစုပေါင်း ၄၉၀၄ ခုအား ဆောင်ရွက်နိုင်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများကို အကျိုးပြုသည့် စီမံကိန်းဖြစ်သည့်အတွက် ဘဏ္ဍာနှစ် တစ်နှစ်ပြီး တစ်နှစ် စီမံကိန်းကျေးရွာများကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြစိမ်းရောင်သည် စီမံကိန်းရာသီစက်ဝန်းများစွာကို အောင်မြင်စွာ ဖြတ်ကျော်ခဲ့ပြီး စီမံကိန်းဆောင်ရွက်သည့် အချို့ကျေးရွာများမှ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ ကိုယ်တိုင်စီမံကိန်းလုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်နေပြီဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းကြီးကြပ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ဖြေလျှော့ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

**"မြစိမ်းရောင်က ကျေးလက်ပြည်သူနဲ့ မစိမ်းတော့ဘူး။ စီမံကိန်း ၁၀ နှစ်တာကာလကို ဖြတ်သန်းခဲ့ပြီးပြီ။ ဘာပြီးရင် ဘာလုပ်ရမယ်၊ ဘယ်လိုထိန်းကျောင်းစီမံသွားရမယ်ဆိုတာကို စီမံကိန်းမှာပါတဲ့ ပြည်သူတွေ ကိုယ်တိုင်နားလည်လာကြပြီ။ ဒါကြောင့်မို့ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ဒီစီမံကိန်းကို ပြည်သူကိုယ်တိုင်ကပဲ ကြီးကြပ်ဆောင်ရွက်တဲ့စီမံကိန်းအဖြစ် ပြည်သူလက်ဝယ်အပ်နှံချင်တယ်။ ဒါ့ကြောင့် Exit Strategy ဆိုတာကို ရေးဆွဲပြီးတော့ အသက်ဝင်အောင် ဆောင်ရွက်နေပါပြီ"** ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက ပြောသည်။

**ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် အဓိကအခန်းကဏ္ဍမှပါဝင်**

ကျေးလက်ဒေသတွင် အရေအတွက်တိုးပွားလာသည့် စီမံကိန်းကျေးရွာများတွင် မြို့နယ်မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ ဖြေလျှော့ပေးနိုင်ရန်နှင့် စီမံကိန်းလုပ်ငန်းစဉ်များအား ကျေးရွာသူ/ ကျေးရွာသားများကိုယ်တိုင် အဓိကအခန်းကဏ္ဍမှပါဝင်၍ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနသည် Exit Strategy အား ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်သည်။

Exit Strategy အရ **"ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်သည့် ကျေးရွာ(Self-Reliant Village)၊ ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်ရန် အလားအလာရှိသည့် ကျေးရွာ (Moderate Village)နှင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကျေးရွာ(Dependent Village)"** ဟူ၍ အမျိုးအစား သုံးမျိုးခွဲခြားသတ်မှတ်ထားမည်ဖြစ်သည်။ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် Exit Strategy ကို ရှေ့ပြေးစမ်းသပ်အကောင်အထည်ဖော်မှုအစီအစဉ်အဖြစ် **ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်သည့် ကျေးရွာ (Self-Reliant Village) များ** ရွေးချယ်၍ စတင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

Exit Strategy ကို မြစိမ်းရောင်ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တို့ကို ပိုမိုပေးစွမ်းလာနိုင်မည်ဖြစ်သည်။

ထို့အပြင် မိသားစုဝင်ငွေ တိုးပွားလာခြင်း၊ အခြားသော ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များတွင် စီမံကိန်းချေးငွေကို အသုံးပြုနိုင်ခြင်း၊ လယ်ယာမြေများ တိုးချဲ့ဝယ်ယူနိုင်ခြင်း၊ ကျောင်းစရိတ်များပေးနိုင်ခြင်း၊ လုပ်ငန်းခွင်အတွက် ယာဉ်စက်များ ဝယ်ယူနိုင်ခြင်း၊ အလှူအတန်းများ ပိုမိုပြုလုပ်နိုင်ခြင်း၊ ကျေးရွာလူထု၏ စွမ်းဆောင်ရည်မြင့်မားလာခြင်း၊ ကိုယ်တိုင်စီမံခန့်ခွဲမှုတွေ ပြုလုပ်နိုင်သည့် အကျိုးကျေးဇူးများတွင် ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှသည် ကျေးလက်ပြည်သူအကျိုးစီးပွားကို ဆတက်ထမ်းပိုး ဆောင်ကြဉ်းပေးလျက်ရှိသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးမှု အလင်းရောင် မြစိမ်းရောင်ဟု ညွှန်းဆိုလိုက်ရပါတော့သည်။ ။

# လယ်ဝေးခရိုင်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်လှစ်

**လယ်ဝေး စက်တင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးခရိုင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ ဒုတိယဦးစီးမှူး ဦးမောင်မောင်၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သက်၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ဒုတိယဦးစီးမှူး ဦးမောင်မောင်က သင်တန်းတွင် သင်ကြားပို့ချမည့် အကြောင်းအရာများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြများက သန်းခေါင်စာရင်းဆိုင်ရာ အဓိကသဘောတရားများ၊ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် လက်တွေ့လေ့ကျင့်ခန်းများကို ထိရောက်လွယ်ကူသည့် နည်းလမ်းများဖြင့် ဆွေးနွေးပို့ချပေးပြီး အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၈ ဦးနှင့် အထောက်အကူပြု လဝကဝန်ထမ်း ၂၂ ဦး တို့ကို ၁၀ ရက်ကြာ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## နယ်စည်းမခြား ပရဟိတ (သီပေါ) မှ ဆန်နှင့်ပစ္စည်းများဝေငှ

**သီပေါ စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ဘေးအန္တရာယ်ကင်းလွတ်ရာ



များတွင် ရောက်ရှိခိုလှုံနေကြရသော ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို နယ်စည်းမခြားပရဟိတ(သီပေါ)မှ စားသောက်ရေးအဆင်ပြေစေရန် ကွင်းဆင်းကူညီထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ ကူညီပံ့ပိုးဆောင်ရွက်ရာတွင် ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများအပါအဝင် ဒေသခံများကို နေရာအရောက် နယ်စည်းမခြား ပရဟိတအဖွဲ့ (သီပေါ) ခေါင်းဆောင် ဦးမျိုးမြင့်လွင်နှင့်အဖွဲ့သားများက ယနေ့ နံနက်က ကွင်းဆင်းလျက် ဆန်နှင့် ဟင်းချက်စရာပစ္စည်းများကို လှူဒါန်းဝေငှပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – ကနှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ye Yan” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဟံသာဝတီရပ်ကွက်နေ ရဲရင့်(ခ) ရဲယံ နှင့် “Pyae Sone Oo” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ပြည့်စုံဦးတို့အား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ “Ko Ko Shwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်းတပ်ကျေးရွာနေ မင်းလွင်အား ညနေ ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “အမေ့သမီးလေး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ခိုင်ဦးအား ညနေ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “@naingnaing 68922” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာနေ လှနိုင်ဦး (ခ) တရုတ်ကြီးအား ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ “Kaung Htet” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကျန်တန်းရပ်ကွက်နေ ကောင်းပြည့်ဦး (ခ)ကောင်းကောင်းအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏၂၀၂၃–၂၀၂၄ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ ၂ ရက်ကအမက(၄)ကျောင်း၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပြောကြားပြီး အစုပေါ်အမြတ်ငွေကျပ်သိန်း ၂၀ ခန့်နှင့် အသင်းသားများအား ဂရိတ်မြေပဲဆီသန့်များ လက်ဆောင်များပေးအပ်စဉ်။ အာကာလင်း

## ယူအက်စ်အိုးပင်း ၁၆ ဦး အဆင့်တွင် ဆမ်ဆိုနိုဗာကို နိုင်ပွဲရရှိပြီး နာမည်ကြီး တင်းနစ်မယ် ဆွီယာတက်ခ် ကွာတားဖိုင်နယ် တက်လှမ်း

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် အီဂါဆွီယာတက်ခ်သည် ယူအက်စ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ပြိုင်ဘက်တင်းနစ်မယ် ဆမ်ဆိုနိုဗာကို နိုင်ပွဲရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ၎င်းသည် အဆိုပါပွဲစဉ်တွင် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာကို ၆–၄၊ ၆–၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အသက် ၂၃ နှစ်အရွယ် ဆွီယာတက်ခ်သည် ယူအက်စ်အိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် ရုရှားတင်းနစ်မယ် ကာမီးလာ ရာခီမိုဗာ၊ ဒုတိယအဆင့်တွင် ဂျပန်တင်းနစ်မယ် ရီဘာဟာနာ၊ တတိယအဆင့်တွင် ရုရှားတင်းနစ်မယ် ပါဗလျူချန်ကိုဗာတို့ကို အနိုင်ယူကျော်ဖြတ်ထားသည်။

ဂရင်းဆလမ်း ချန်ပီယံဆု ငါးကြိမ်ရ ဆွီယာတက်ခ်သည် ယူအက်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် နာမည်ကျော် အမေရိကန် တင်းနစ်မယ် ပဲဂူလာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ပဲဂူလာသည် ၁၆ ဦးအဆင့်တွင် ရုရှားတင်းနစ်မယ် ဒိုင်ယာနာ ရှနိုက်ဒါနှင့် တွေ့ဆုံခဲ့ပြီး ၆–၄၊ ၆–၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။ ဆွီယာတက်ခ်နှင့်အတူ ယူအက်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဘရာဇီးတင်းနစ်မယ် ဟာဒက်မာရီယာ၊ ဘယ်လာရုဇ်တင်းနစ်မယ် အရီုင်နာ စဘယ်လင်ကာတို့ တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

၁။ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဦးခန့်ကျော်ဇင်
(၎င်းဘဏ်၏တာဝန်လွှဲအပ်ခြင်းခံရသူ
ဒေါ်အေးသက်ခိုင်၊ ပြည်-ဘဏ်ခွဲ)
၂။ ဒေါ်ဝါဝါလှိုင်
၃။ ဒေါ်စမ်းသီရိအောင်
(တရားလိုများ) (တရားပြိုင်)

မကွေးတိုင်းဒေသကြီး၊ ကံမမြို့၊ အမှတ်(၃)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၁၆၉)နေ တရားပြိုင် ဦးခန့်ကျော်ဇင်(ယခုနေရပ်လိပ်စာ-မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်က ဘဏ်အပ်ငွေကျပ်သိန်း (၃၄၃၈၀၀၀၀/-)နှင့် အတိုးငွေ(၆၄၄၃၈၅၇.၁၇)သိန်းကျပ် အပါအဝင် စုစုပေါင်းငွေ(၄၀၈၂၃၈၅၇.၁၇)သိန်းကျပ်အား အလွဲသုံးစားထုတ်ယူ သုံးစွဲထားသူ တရားပြိုင်ထံမှ ပြန်လည်ရယူလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်(၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင်သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် စပ်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာကျော်)
ဒုတိယခရိုင်တရားသူကြီး(၁)
ပြည်ခရိုင်တရားရုံး

## အမည်ပြောင်း

ဦးမင်းဦး၏သမီး မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-2မှ မသဒ္ဓါကြည်ဖြူအား ယနေ့မှစ၍ မဆုမြတ်ပြည့်စုံဟုပြောင်း လဲခေါ်ဆိုပါရန်။

မဆုမြတ်ပြည့်စုံ

## အမည်ပြောင်း

ဦးဇော်ဌေး၏သား မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-5(D)မှ မောင်ထက်သူရအား ယနေ့မှစ၍ မောင်သူရထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သူရထက်

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-12(I) ခန်းမှ မနှင်းစက်ဖွေး၏ ဖခင်ဦးမောင်အုန်း၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးအုန်း ၆/မအရ(နိုင်) ၀၂၈၅၇၉ ဖြစ်ပါကြောင်း။

ဦးအုန်း

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာအတွင်းလမ်းနေ အ.မ.က(၉) ယိုးဒယား ကုန်းကျောင်း GRADE-4 မှ မောင်ဖုန်းခန့်မင်း၏ ဖခင် ဦးအောင်ကျော်ကျော်၏ အမည်မှန်မှာ ဦးစိန်လင်း ၁၄/ဝခမ(နိုင်) ၁၄၂၈၄၁ဖြစ်ပါကြောင်း။

ဦးစိန်လင်း

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အထက(ခွဲ) ခုံစု၊ Grade-12 တွင် ပညာသင်ကြားနေသော မဝေဝေဖူး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း(၈/ပဖန (နိုင်) ၀၉၂၃၈၅) ဖြစ်ပါကြောင်း။

ဦးထွန်းထွန်း

## အမည်ပြောင်း

ဦးပြည့်စုံ ၉/မထလ(နိုင်) ၂၃၈၉၅၃၏သမီး မိတ္ထီလာမြို့၊ ရတနာပန်းခင်း ကိုယ်ပိုင်ကျောင်း Grade-3တွင်ပညာသင်ကြားနေသော မလင်းဖြူစင်သန့်အား မခင်ပြည့်စုံငြိမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မခင်ပြည့်စုံငြိမ်း

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ်(၆)ရပ်ကွက်၊ သာယာကုန်းကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈၆)၊ အကွက်အမည်(သာယာကုန်းကွင်း)၊ ဦးပိုင်အမှတ်-၄၁$^{က/၂}$၊ ဧရိယာ(၀.၂၅)ဧကအနက်မှ (၀.၁၂)ဧကရှိ အရှေ့လားသော်-N-၂၇$^{ခ}$၊ အနောက်လားသော်-N-၃၄၊ တောင်လားသော်-၄၁$^{က/၁}$၊ မြောက်လားသော်-N-၃၅ ရှိ မြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်စန္ဒာထွေး မှ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့မတိုင်မီ အောက်ဖော်ပြပါ ကာယကံရှင်များထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

ဒေါ်စန္ဒာထွေး(ဖုန်း-၀၉ ၄၂၈ ၁၆၈ ၆၀၃)

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၂၊ ဦးပိုင်အမှတ်(၂၆)၊၆၀(B)လမ်း x၆၁လမ်းကြား၊ဘုရင့်နောင်Xကျန်စစ်သားလမ်းကြားရှိ ဒေါ်စမ်းစမ်းဆွေ အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံး၊ တရားမကြီးမှုအမှတ် (၁၃၆/၂၀၂၃)တွင် ၃-၁၁-၂၀၂၃ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဒေါ်စမ်းစမ်းဆွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၈၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကိုဇော် ၁/တနန(နိုင်) ၀၀၇၅၄၆ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၃၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## မိခင်အမည်မှန်

တာချီလိတ်မြို့၊ အထက (ဟောင်လိတ်) ကျောင်း၊ GRADE-12(A)မှ မောင်စိုင်းခေးဟန်၏ မိခင်အမည်မှန်မှာ နန်းအုန်ဆာ ၁၃/ကသန(နိုင်) ၀၂၁၁၉၄ဖြစ်ပါကြောင်း။

နန်းအုန်ဆာ

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအင်းဖုန်း၏ သမီး ကျွန်မ အီဖန် ၁၃/တခလ(နိုင်)၀၉၃၆၃၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၅၄၂၀၀၄

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအင်းကျောက်၏သား ကျွန်တော်အိုက်မွန်း ၁၃/တခလ (နိုင်) ၀၆၃၅၁၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၇၉၃၇၄၇၇

## ဖခင်အမည်မှန်

မိုင်းဖြတ်မြို့၊ (မူလွန်-ကွက်သစ်ကျောင်း)၊ ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ GRADE-6မှ မအင်ကြင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမျိုးထက် ၁၃/မဖန(နိုင်)၀၂၄၃၃၃ ဖြစ်ပါကြောင်း။

ဦးစိုင်းမျိုးထက်

## အများသိစေရန် ကြေညာခြင်း

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်၊ ရှမ်းမုဒ်ဦးလမ်း၊ အခန်း(၅)နေထိုင်သူ ဦးသိန်းကိုဝင်း ၈/စလန(နိုင်) ၀၆၈၀၁၄ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်၊ အမှတ်(၁၉၅)၊ အလျားပေ(၆၀) x အနံ ပေ(၄၀) ရှိ အိမ်မြေ သည် ဦးသိန်းကိုဝင်းနှင့် ဒေါ်အေးအေးလွင် (၇/ညလပ(နိုင်) ၁၁၉၂၆၃) တို့ လင်မယားနှစ်ဦး တရားဝင်ပိုင်ဆိုင်သည့် အိမ်မြေဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

အထက်ဖော်ပြပါ အိမ်မြေနှင့်စပ်လျဉ်း၍ ဦးသိန်းကိုဝင်း၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ ဒေါ်အေးအေးလွင်အနေဖြင့် မည်သူကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသိန်းကိုဝင်းမှ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအားဂျေ (LL.B)၊ အထက်တန်းရှေ့နေ**
**တာချီလိတ်ခရိုင်တရားရုံးဝင်း၊ တာချီလိတ်ခရိုင်ရှေ့နေများနားနေခန်း**
**ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့၊**
**(ဖုန်း-၀၉-၆၆၂၇၇၈၄၁၀၊ ၀၉-၂၅၂၁၃၄၆၀၀)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ် (၃၆၉)၊ လှော်ကားလမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်မေဖြူသော် အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အေးမြတ်ခိုင် (၁၂/လမတ(နိုင်)၀၂၇၀၄၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကိုပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LLM) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## (၂၅-၈-၂၀၂၄)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင် ဦးတင်မောင်ဝင်း၊ ၎င်းလွှဲအပ်ညွှန်ကြားထားသည့် ဒေါ်အိအိလွင် (တရားလွှတ်တော်ရှေ့နေ)တို့၏ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း အပေါ် ကြေညာသူများနှင့် အများသိစေရန် ကန့်ကွက်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဘုရားကြီးလမ်းရပ်ကွက်၊ ပန်းဆွဲလမ်းရှိ ကွင်းအမှတ် G၊ ကွင်းအမည်- သပြေကုန်းမြောက်၊ ဦးပိုင်အမှတ် ၁၉၁(က)၊ မြေအမျိုးအစား-မြို့မြေ၊ မြေဧရိယာ (၀ဒသမ ၁၃၂)ဧကရှိ ခြံမြေကွက်နှင့် ယင်းခြံမြေပေါ်တွင်ဆောက်လုပ်ထားသော သစ်သားနှစ်ထပ်နေအိမ်(၁)လုံးတို့ကို ဦးတင်မောင်ဝင်း(ဘ)ဦးတင်စိန် ၇/သဝတ(နိုင်) ၀၀၆၃၆၇၏ အမည်ဖြင့် အိမ်ရာမြေခွင့်ပြုလက်မှတ် ၃(ခ)အမည်ပေါက် ရရှိထားပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ လက်ရှိပိုင်ရှင်တစ်ဦးဆိုသည်မှာ ဥပဒေနှင့်အညီ ရယူထားခြင်းမဟုတ်ကြောင်း လွှဲအပ်ညွှန်ကြားသူများ၏ ပြောပြချက်အရ သိရပါသည်။

အမွေဆက်ခံသူများနှင့် ကန့်ကွက်သူများသိရှိခြင်းမရှိဘဲ၊ အတိအလင်းလက်မှတ်ရေးထိုးခြင်းမရှိဘဲ အထက်ပါခြံမြေနှင့်နေအိမ်ကို ပြုပြင်ခြင်း၊ အမည်ပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊စည်ပင်သာယာသို့တင်ပြခြင်းများ အပါအဝင် အခြားသောနည်းလမ်းများဖြင့်လွှဲပြောင်းခြင်း၊ အိမ်ရာမြေခွင့်ပြုလက်မှတ် ၃(ခ)အမည်ပေါက်ကို ဝယ်ယူသူအမည်ပြောင်းလျှောက်ထားမှုများမပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း၊ ကန့်ကွက်ကြောင်းကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ နေအိမ်နှင့်ခြံမြေသည် အမွေဆက်ခံသူတို့နှင့်ကန့်ကွက်သူတို့မှ သိရှိခြင်း ၊ အတိအလင်းလက်မှတ်ရေးထိုးခြင်းမရှိဘဲ ဦးတင်မောင်ဝင်း(ဘ)ဦးတင်စိန် ၇/သဝတ(နိုင်) ၀၀၆၃၆၇၏ အမည်ဖြင့် အိမ်ရာမြေခွင့်ပြုလက်မှတ် ၃(ခ) အမည်ပေါက်သို့ ဥပဒေနှင့်အညီ ပြောင်းလဲထားခြင်းမဟုတ်ကြောင်း စုံစမ်းသိရှိရကြောင်း အမွေဆက်ခံ ခွင့်ရှိသူများနှင့် ကန့်ကွက်သူများ ၏ပြောပြချက်အရသိရပါသည်။ အထက်ပါ ကန့်ကွက်မှု၊သတိပေးတားမြစ်မှုများလိုက်နာမှုမရှိပါက တည်ဆဲဥပဒေနှင့်အညီ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးညွန့်၊ ဒေါ်အေးအေးထူး၊ ဒေါ်အေးအေးသင်းအောင်၊ ဦးအောင်မြင့်ဇော်၊**
**ဦးဇော်မင်းထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေနှင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၄)**
**ကန်တော်မင်္ဂလာလမ်း၊ ဗေဒင်ကုန်းရပ်ကွက်၊ သုံးဆယ်မြို့၊**
**ဖုန်း-၀၉-၄၂၈၆၆၅၆၉၅၊ ၀၉-၇၈၂၂၈၄၄၀၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၆၅)တွင် တည်ဆောက် ထားသည့်(၂)ခန်းတွဲ၊ (၃ ၅)ထပ်တိုက်အနက်မှ (၁၂ ၅ X ၅၀)ပေအကျယ်ရှိ ပထမထပ်၊ ဘီ(ခြေရင်းခန်း)တိုက်ခန်းနှင့် ၎င်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးဆန်းပြည့်အောင် ၁၃/ပဆတ(နိုင်)၀၀၀၅၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်မွန် ၁၀/မဒန(နိုင်)၀၀၉၂၈၅သည် တရားဝင်အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြနှင်းယု (LL.B,D.B.L.,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၄၈၀)**
**တိုက်အမှတ်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၆)ရပ်ကွက်၊ (၈)မိုင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း- ၀၉-၇၆၇၁၉၆၂၉၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ် ၁၄၁၊ ဦးပိုင်အမှတ် (၃၅-က)၊ ၁၇x၁၈ လမ်းကြား၊ ၈၁x၈၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်အိရွှေဇင်၏ (SP ရရှိသူဦးဆွေမြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၅၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းသန်းအေး ၅/ဟမလ(နိုင်)၀၆၃၃၇၄က အမှုတွဲအမှတ် (၀၄၁၇/ဘ(ပြောင်း) ၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဦးပိုင်အမှတ်(၂၃/ခဲစင်း)၊ ၁၉လမ်း၊ ၆၀x၆၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးကြူ၊ ဒေါ်အမာခင်၊ ဒေါ်အေးအေးသန်း၊ ဒေါ်တင်တင်ဌေး၊ ဒေါ်ရင်ရင်လေး၊ ဦးအောင်နိုင်၊ ဒေါ်တင်တင်ဌေး၊ ဒေါ်ခင်မာစိုး၊ ဒေါ်ရွှေရည်ဝင်း၊ ဒေါ်အေးအေးသက်၊ ဒေါ်ခင်သီတာ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ဇာဇာထွေး၊ ဒေါ်ခင်မာဦး၊ ဦးအောင်ကိုထွေးတို့၏ (SP ရရှိသူဒေါ်မေသက်လွင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၉၈/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ရီရီမြင့် ၁/ဗမန(နိုင်)၀၅၀၈၃၃က အမှုတွဲအမှတ် (၃၃၄၅/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၁၄၊ ဦးပိုင်အမှတ် (၂၃/ခဲစင်း)၊ ၁၉လမ်း၊ ၆၀x၆၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးကြူ၊ဒေါ်အမာခင်၊ ဒေါ်အေးအေးသန်း၊ ဒေါ်တင်တင်ဌေး၊ ဒေါ်ရင်ရင်လေး၊ ဦးအောင်နိုင်၊ ဒေါ်တင်တင်ဌေး၊ဒေါ်ခင်မာစိုး၊ဒေါ်ရွှေရည်ဝင်း၊ ဒေါ်အေးအေးသက်၊ ဒေါ်ခင်သီတာ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ဇာဇာထွေး၊ ဒေါ်ခင်မာဦး၊ ဦးအောင်ကိုထွေးတို့၏ (SP ရရှိသူ ဒေါ်မေသက်လွင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၇၉၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအာကာတင်မောင် ၉/မကန(နိုင်)၀၇၆၈၆၀က အမှုတွဲအမှတ် (၃၃၄၆/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၃၄၊ ဦးပိုင်အမှတ် (၁၁၆)၊ ၁၇x၁၈လမ်းကြား၊ ၈၆x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လင်းလင်းနိုင် ၉/အမဇ(နိုင်)၀၄၃၃၄၈က အမှုတွဲအမှတ် (၃၃၄၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/2302 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှမင်း ၇/ပခန(နိုင်) ၁၆၉၂၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7658, Mitsubishi Canter FG53ES/Van(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၆/မအရ(နိုင်)၀၂၆၉၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)ရန်ကုန်မြို့

## အမည်ပြောင်း

ကျွန်တော် ဦးကျော်ခိုင်လင်း ၁၂/ဒလန(နိုင်)၀၄၁၃၀၇၏သားဖြစ်သူ သာပေါင်းမြို့နယ်၊ အမက-ကျောက်စရစ်ကုန်း GRADE-3 တွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ကျော်အား စဖွဲ့မခအမည်သို့ ပြောင်းလဲခေါ်ဆိုပါရန်။

စဖွဲ့မခ

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အထက (၂) ကျောင်းဝင်အမှတ် (၁၃၁၉၄)၊ G-12 Stams-1 မှ မသက်ငုံဖူး၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ထွေး ၁၄/မမန(နိုင်)၂၉၉၇၂၄ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကလောမြို့၊ အမှတ် (၂၀/၅) ရပ်ကွက်နေ (ဘ)ဦးမြထွန်း၏သမီး ဒေါ်မြဝင်း (၁၃/ကလန(နိုင်) ၀၁၁၆၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-79124)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၈၁၄၅၆

## ပတ်စ်ပို့ပျောက်

ပင်လောင်းမြို့နယ်၊ ဘုရားဖြူရွာနေ (ဘ) ဦးသောန၏သား ခွန်ထွန်းဟန် (၁၃/နတရ(နိုင်)၀၁၇၅၃၅)၏ နိုင်ငံ ကူးလက်မှတ်အမှတ် (M-046912)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၇၄၅၅၂၈

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ တောင်လေးလုံးအုပ်စု၊ ရေနွေးရွာနေ (ဘ)ဦးတုပ်၏သား မောင်အောင်လှ (၁၃/တကန (နိုင်)၃၈၂၅၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-368579)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၁၇၉၉၁၈

## ပတ်စ်ပို့ပျောက်

မိုးဗြဲမြို့၊ ကွက်သစ်ရပ်ကွက်နေ (ဘ)ဦးအောင်နိုင်ထူး၏သမီး မဂျိုးမြာ (၁၃/ဖခန(နိုင်)၀၈၂၃၁၄)၏ နိုင်ငံကူး လက်မှတ်အမှတ် (MF-475011)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၁၃၂၆၁၃၀

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် ဆ-၅၊ ဦးပိုင်အမှတ် (၁၁၁/ခဲစင်း)၊ ၆၈(C)လမ်း၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးနိုင်လင်းထွန်း ၉/မဟမ(နိုင်) ၀၁၀၆၈၄၏ (SPရရှိသူဦးကျော်ဝင်း)ကအမှုတွဲအမှတ် (၃၃၇၄/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

**အလိမ္မာ စာမှာရှိ**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ (ဘ)ဦးအောင်နိုင်၏သား မောင်ဖြိုးခန့်ကို ၈/မသန(နိုင်)၁၉၁၅၅၄၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၁၀-၂၀၀၈) ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့၊ သဘော့ကန်အုပ်စု၊ သဘော့ကန်ကျေးရွာ အထက သဘော့ကန် Grade-12 တွင် ပညာသင်ကြားနေသော မောင်ကောင်းမြတ်ချစ်၏ မိခင်အမည်မှန်မှာ ဒေါ်ကြူကြူလှိုင် (ခ) ဒေါ်သန်းသန်းဦး ၁၄/ရသယ(နိုင်)၀၀၈၀၄၄ ဖြစ်ပါကြောင်း။

**ဒေါ်ကြူကြူလှိုင်(ခ)ဒေါ်သန်းသန်းဦး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ အထက Grade-12မှ မနှင်းယုခိုင်၏ ဖခင်အမည်မှန်မှာ ဦးသက်စိုးမင်း ၈/မသန(နိုင်)၀၉၃၁၇၃ ဖြစ်ပါကြောင်း။

**ဦးသက်စိုးမင်း**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ် အ.ထ.က (ခွဲ)ဆိပ်ကလေးကျောင်း Grade-9 အတန်းမှ မဆုလဲ့ဝင်း၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမောင်စိုး ၇/ဒဥန(နိုင်)၁၄၃၆၃၅ နှင့် ဒေါ်သေးသေး ၇/ရကန(နိုင်)၀၆၀၃၇၄ ဖြစ်ပါကြောင်း။

**ဦးမောင်စိုး-ဒေါ်သေးသေး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၁

**ကွယ်လွန်သူ ဦးမြစိန်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံ ကျေးရွာအုပ်စု၊ လက်သစ်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြစိန်၏ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၃၀)၊ ဦးပိုင်အမှတ်-၃၅က၊ ကိုင်းမြေအမျိုးအစား၊ ဧရိယာ (၁.၃၅၃) ဧက၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၃၀)၊ ဦးပိုင်အမှတ်(၅၃)၊ ကိုင်းမြေအမျိုးအစား၊ ဧရိယာ (၁.၄၂၀)ဧက၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၃၀)၊ ဦးပိုင်အမှတ်(၅၅)၊ ကိုင်းမြေအမျိုးအစား၊ ဧရိယာ(၁.၄၂၀)ဧက၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၃၀)၊ ဦးပိုင်အမှတ်-(၅၅/၁၀၄)၊ ကိုင်းမြေအမျိုးအစား၊ ဧရိယာ(၂.၁၆၅)ဧက၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၃၀) ဦးပိုင်အမှတ် (၅၆/၁)၊ ကိုင်းမြေအမျိုးအစား ဧရိယာ (၁.၃၀၀)ဧက အကျယ်အဝန်းရှိ ကိုင်းမြေကွက်များနှင့်ပတ်သက်၍ မိမိတို့ရထိုက်ခွင့်ရှိ သောအချိုးကျ ဝေစုများအပေါ် အမွေဝေစုများရထိုက်ခွင့်ရှိသူများဖြစ်သဖြင့် ရုံးတော်က သတ်မှတ်ဖော်ပြထားသည့် အမွေဝေစုအသီးသီးအား အမွေထိန်းလက်မှတ်ထုတ်ပေးပါ မည့်အကြောင်းနှင့် ဒေါ်သောင်းသောင်း ပါ-၈ ဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁ ရက်) တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမြစိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သောင်းသောင်း ပါ-၈ ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၄

ဦးမော်ဆိုင်းဟွာ **နှင့်** ၁။ ဦးထိန်(ခ)ဝင်းအောင်
၂။ ဦးမျိုးမင်းညွန့်

**တရားလို** **တရားပြိုင်များ**

အေးသာယာမြို့၊ ရပ်ကွက်(၄)၊ ချယ်ရီလမ်း၊ အမှတ်(၆၄)နေ ဦးထိန်(ခ) ဝင်းအောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဦးမော်ဆိုင်းဟွာက ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်(၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့် ၁၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ CITY GOLF HOUSING၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၄)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၁၂၇၀၈၂၆ မှတ်ပုံတင်ရရှိထားသော AGRO FOREMOST COMPANY LIMITED မှ အောက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်းတို့၏ကုမ္ပဏီမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်-၆၆၉၂/၂၀၂၄ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အောက်ပါအမှတ်တံဆိပ်၏ ကုမ္ပဏီမူပိုင်ဖြစ်ပါသည်-

Agro foremost co.,Ltd

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်မှာ ကုန်သွယ်မှုအမှတ်အသား AGRO FOREMOST COMPANY LIMITED ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ပတ်သက်သော ကုန်ပစ္စည်းများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ တင်သွင်းခြင်းစသည့်ကိစ္စများကို ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိရာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

အထက်ပါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်သိန်းသည် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ မောင်မျိုးမင်းထွန်းထံသို့ ဦးဟန်သိန်းအမည်ပေါက် ဂရန်မြေကိစ္စနှင့်ပတ်သက်ပြီး ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ ယခုအခါ မောင်မျိုးမင်းထွန်းထံသို့ လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ဆက်လက်လုပ်ကိုင်ရန် မရှိတော့ပါသဖြင့် ယနေ့မှစ၍အထက်ပါ ကိုယ်စားလှယ်လွှဲစာလွှဲထားခြင်းကို ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်သက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**လှာကမြင်၊ ပိန္နဲတော၊ ဘားအံမြို့၊**
**ဖုန်း-၀၉-၄၃၁၁၇၁၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ တိုက်အမှတ် (၂၄၁-၂၄၃)၊ အခန်းအမှတ်(၃၀၂)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဂျူအင်ဖရန်စစ် ၁၂/ကတတ(နိုင်)၀၁၉၁၈၉ ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးပီတာညွန့်မောင် ၁၂/ကတတ(နိုင်)၀၁၄၁၁၀ က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊အမှတ်-၇ (စတုတ္တထပ်)(၅-လွှာ)(B)၊လမ်းမှတိုက်သို့မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (၁၂ $\frac{၁}{၂}$ ပေx၅၀ပေ)ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဦးထွန်းခန့်ကျော် ၁၄/ဟသတ(နိုင်)၂၅၄၆၇၁ နှင့် ဒေါ်လဲ့မွန်မွန်သော် ၁၄/ဟသတ(နိုင်)၂၄၂၇၃၄ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင်းဝင်းမော် ၇/ရကန(နိုင်)၀၀၀၁၀၇ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B) (စဉ်-၅၃၃၆၉)** | **ဒေါ်မိုးမီမီခိုင် (LL.B) (စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၁၃၆/ခ၊ မြေကွက်တည်နေရာအမှတ်-၁၃၆/ခ၊ ကတန်ကျွန်းလမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံတောင်၊ ဦးမာမက်ဟာရှင်(EC-024362) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမာမက်ဟာရှင်အား တရားပြိုင်ထားကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၈/၂၀၂၃ခုနှစ်တွင် ဦးမျိုးမင်းမှတရားလိုပြုလုပ်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၂၀-၁၁-၂၀၂၃ ခုနှစ်တွင် အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်-၇/၂၀၂၄၏ နေ့စဉ်မှတ်တမ်း၊ ၃၀-၄-၂၀၂၄ခုနှစ်တွင် ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၊ ၃၀-၄-၂၀၂၄ရက်စွဲပါ စာအမှတ်-၂၀၄၊ ဇာရီ-၇/၂၀၂၄၏ ဘီလစ်ခန့်စာ၊ တရားရှုံးကိုယ်စား ဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ) မသန့်သန့်ခိုင် ၁၂/သဃက(နိုင်)၀၉၂၅၆၂မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် RC(၁လုံး)ရှိပြီး ကိုယ်တိုင်နေထိုင်ပြီး တရားနိုင်ဦးမျိုးမင်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ)မသန့်သန့်ခိုင်၏ အရောင်းမြေပုံကူးတင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မောင်အောင်စည်ထွန်း (၁၂/သကတ(နိုင်)၁၇၅၈၇၂) နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၈၀)၊ ၃-လွှာနေ ဦးဒါအောင်ကျော် ၁၂/သကတ(နိုင်) ၀၄၆၀၉၈နှင့် ဒေါ်ကြည်ကြည်အေး ၁၂/သကတ(နိုင်)၀၉၅၉၆၆ တို့၏ လွှဲအပ် ညွှန်ကြားချက်အရ မောင်အောင်စည်ထွန်း ၁၂/သကတ(နိုင်)၁၇၅၈၇၂နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

မောင်အောင်စည်ထွန်း ၁၂/သကတ(နိုင်)၁၇၅၈၇၂ သည် ဦးဒါအောင်ကျော်နှင့် ဒေါ်ကြည်ကြည်အေးတို့၏ သားငယ်ဖြစ်ပြီး မိဘများခွင့်မလွှတ်နိုင်သည့် အပြုအမူများ ဆောင်ရွက်ခြင်း၊ မိဘများ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်ခြင်းကြောင့် ယနေ့ ၃-၉-၂၀၂၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။ မောင်အောင်စည်ထွန်းနှင့် ပတ်သက်သော မည်သည့် အရှုပ်အရှင်းပြဿနာများကိုမှ မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်အောင်စည်ထွန်းနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဟိန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၁၁)**
**အမှတ် (၉/၁၁)၊ ၀၀၄၊ မြေညီ၊ ၃၆-လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၄၂၀၅၇၅၅၆၃**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမြင့်စိုး၉/မလန(နိုင်)၀၉၁၃၃၆ ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မင်္ဂလာတိုက်ခန်း၊ အခန်းအမှတ်(၆)နေ တရားလို ဦးရဲမြင့်စိုး(ဘ)ဦးကြည်မှ ဦးကျော်စွာလင်း (ဘ)ဦးကျော်မြင့်၊ ဦးတိုးလှိုင် (ဘ)ဦးထွန်းကြည်တို့နှစ်ဦးအပေါ် မဟုတ်မမှန် စာရွက်စာတမ်းများကိုတုပသုံးစွဲ၍ ငွေများကိုလိမ်လည်ရယူမှုဖြင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥဿ္ဂဟောနယ်မြေ ရဲစခန်း၌တိုင်တန်းတရားစွဲဆိုခဲ့ရာ ရဲစခန်းမှ (ပ)၄၃/၂၀၂၃၊ ရာဇသတ်ကြီးပုဒ်မ-၄၂၀/၄၆၈/ကျင့် ၅၁၂ ဖြင့် တရားစွဲဆိုတင်ပို့ခဲ့ပြီး ဒက္ခိဏသီရိမြို့နယ်တရားရုံးမှ ရာဇဝတ်အထွေထွေမှု အမှတ်(၁၈/၂၀၂၄)ဖြင့် လက်ခံ၍ ၂၅-၆-၂၀၂၄ရက်တွင် တရားခံအားဖမ်းဆီးရန် ဝရမ်းစာထုတ်ဆင့်ခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၃၉)၊ ခေမာသီ(၂)လမ်းနေ ဦးကျော်စွာလင်း (ဘ)ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိသူ)မှာ တရားရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်လျက်ရှိနေပါသည်။ အမှုအား မှန်ကန်မြန်ဆန်စွာစစ်ဆေးပြီးပြတ်စေရန်အတွက် တရားရုံး၏ ဖမ်းဆီးရန် ဝရမ်းထုတ်ဆင့်မှုအပေါ် မထိခိုက်စေဘဲ (Without Prejudice) တရားရုံးတော်သို့ လာရောက်ထုချေရှင်းလင်းပေးရန်နှင့် သိရှိသူမည်သူမဆို ကူညီဆောင်ရွက်ပေးနိုင်ပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**

| | |
|---|---|
| **ဒေါ်ဖြိုးဝေဝင်း(LL.B, D.B.L)** | **ဦးဝေလင်းထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၅၆)** |

**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၂၀၇၅၇၅၈၊ ၀၉-၄၂၂၈၈၁၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ပပဝင်း ၁/တနန(နိုင်)၀၂၃၇၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈-E၂)၊ မြေကွက်အမှတ် (၁၂၂)၊ ဘိုးဘွားပိုင်မြေကွက် (MR-E-H, ATACHER) အမည်ပေါက် အလျား (၂၅ပေx အနံ ၅၀ ပေ)ရှိ ဘိုးဘွားပိုင် အိမ်ခြံမြေကွက်အား ဒေါ်သောင်း ၁၂/အစန(နိုင်) ၀၂၀၉၄၈ (ဘ)ဦးထွန်းပေါ်မှ ၎င်းမှတရားဝင်လက်ရှိပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု ကမ်းလှမ်းလာသဖြင့် အရောင်းအဝယ်ပြုလုပ်ရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ယခုကြေညာသည့်ရက်မှစ၍ မူရင်းပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုကေခိုင် (LL.B) အထက်တန်းရှေ့နေ**
**(စဉ်-၄၃၁၄၉)(၃၀-၁၀-၂၀၁၃)**
**အမှတ်-၆၊ ဒုတိယထပ်(A)၊ မြသီတာလမ်း၊ ကျွန်းတောမြောက်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၀၉၉၅၉၉၉၊ ၀၉-၇၈၅၂၂၇၁၂**

In the Matter of Voluntary Winding Up subject to the Myanmar Companies Law and Insolvency Law

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေး တက်ရောက်ရန်အကြောင်းကြားစာ

## BLM 2017 COMPANY LIMITED

## (အစုရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**"BLM 2017 COMPANY LIMITED"**(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေးကိုအောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်–

**ကျင်းပမည့်ရက်နှင့်အချိန်** – ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ရက်၊ နံနက် (၁၀)နာရီ

**ကျင်းပမည့်နေရာ** – အမှတ်–၁၇၆(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

| | |
|---|---|
| **ဒေါ်မိုးမိုးအေး** | **ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)** |
| **YE NOOS & ASSOCIATES (Law Firm)** | **YE NOOS & ASSOCIATES (Law Firm)** |
| **တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **BLM 2017 COMPANY LIMITED** | **BLM 2017 COMPANY LIMITED** |

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅-ကံဘဲ့၊ မြေကွက်အမှတ်- ၇/ခ၊ ဧရိယာ- ၀.၀၆၇ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘောက်ထော်ဘုတာရုံလမ်း၊ အမှတ်- ၂၁ ဟုခေါ်တွင်သည့် မြေ မီး အစုံ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သော မိခင်ဖြစ်သူ ဒေါ်ခင်ခင်စု (ခ) ဒေါ်ခင်စု (၁၂/ရကန (နိုင်) ၀၅၂၅၁၅) မှ သားဖြစ်သူ ဦးဆွေမြင့် (၁၂/ရကန (နိုင်) ၀၆၆၅၉၅) အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆို၍ အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါသဖြင့် အဆိုပါ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(အလည်ရွာ) Grade–2မှ မစုရတီမြင့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသူရ ၉/မထလ (နိုင်)၂၉၀၁၄၀ ဖြစ်ပါကြောင်း။

**ဦးမျိုးသူရ**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ အလက (သင်းကျွန်း) Grade–4 မှ မနှင်းနုဝိုင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၆/သရခ(နိုင်)၀၄၇၈၁၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ ကော့ဒွတ်ကျေးရွာနေ (ဘ) ဦးကြည်ဝင်း၏သမီး မသင်းသဇင်မွေး ၁၀/ရမန(နိုင်)၂၃၉၃၃၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။

**မသင်းသဇင်မွေး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ ရတနာပုံ(၆)လမ်းရှိ YRS ကိုယ်ပိုင် အထက်တန်းကျောင်း Grade–12 မှ မအိမ့်သက်မှူး၏ဖခင် ဦးဟန်သာ ၏ အမည်မှန်မှာ ဦးအောင်ဇင်ထွဏ်း ၁၃/ကခန(နိုင်)၀၃၈၈၆၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7710 Light Truck (4x2) R Hino XZU 306 ယာဉ် လက်ဝယ်ရှိသူ ဦးဇေယျထွေး ၆/ပလန (နိုင်)၀၅၇၅၈၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/1728 Pickup (4x2)R Toyota Hilux Vigo ယာဉ် လက်ဝယ်ရှိသူ ဦးဇေယျထွေး ၆/ပလန (နိုင်)၀၅၇၅၈၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## အမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ ဇဋ္ဌိလ(၃)လမ်း၊ အမှတ်(၇၉၄/ခ)နေ (ဘ) ဦးအောင်ဆန်း၏သမီး အမည်မှန်မှာ ဒေါ်သီဂီအောင်ဆန်း ၁၂/သဃက (နိုင်)၀၃၆၁၇၄ ဖြစ်ပါကြောင်း။

**ဒေါ်သီဂီအောင်ဆန်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/4300 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဝါးခယ်မမြို့၊ စာရေးကုန်း ရပ်ကွက်ရှိ မြေစာရင်းအကွက် အမှတ်(၁၃–က) ညောင်ချောင်း၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၀ ဒသမ ၁၃၇ဧကရှိမြေအား ဦးဇော်ဇော်ထွန်း (ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန)မှ ဝါးခယ်မမြို့နယ်မြေစာရင်းဦးစီးဌာနရုံး အမှုတွဲခန်းအမည်ဖြင့် လိုအပ်သော မြေပေးမိန့်တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါးခယ်မမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဝါးခယ်မမြို့၊ စာရေးကုန်း ရပ်ကွက်ရှိ မြေစာရင်းအကွက် အမှတ်(၁၃–က) ညောင်ချောင်း၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ ၀ ဒသမ ၂၂၉ဧကရှိမြေအား ဒေါ်ဇင်ဝင်းမော် (ခရိုင်ဦးစီးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန)မှ ဝါးခယ်မမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး အမည်ဖြင့် လိုအပ်သော မြေပေးမိန့်တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါးခယ်မမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ–၂၀၆၇၇) ကို အမည်ပေါက် ဒေါ်တင်မာထွေး(ဘ) ဦးသိန်းအောင် ၁၂/ဥကမ(နိုင်)၁၅၅၅၃၀ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးလင်းထက်ခိုင် (ဘ) ဦးရွှေကြိုင် ၉/ပဗသ(နိုင်) ၀၂၃၇၁၀မှ ဒေါ်ခင်နှင်းသက် (ဘ) ဦးထွန်းဝေ ၉/ကပတ(နိုင်)၂၁၀၅၄၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ် (မိတ္တူ) နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၄/၂၀၂၂ (၁၀–၁–၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိ မြေကွက်အမှတ် (ပ–၃၁၆၁၂) ကို အမည်ပေါက် ဒေါ်အေးအေးစိုး(ဘ) ဦးမောင်လေး ၁၂/တမန(နိုင်)၀၁၄၆၅၅ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ဝါဝါခိုင်(ဘ) ဦးသန်း ၅/ဝလန(နိုင်)၁၀၁၉၁၉ မှ ဦးအောင်ဖြိုးဝေ (ဘ) ဦးသိန်းထွန်း ၅/စကန(နိုင်)၁၃၉၉၉၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြု ပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ် (မိတ္တူ) နေပြည်တော် စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၇၁/၂၀၂၂(၃–၈–၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ–၃၁၇၈၅ အေ) ကို အမည်ပေါက် ဒေါ်မြင့်မြင့်သိန်း (ဘ) ဦးစောစောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မရတ(နိုင်)၀၀၆၈၄၈ မှ ဦးကျော်သီဟ (ဘ)ဦးခင်အောင် ၁၄/အမန (နိုင်)၀၉၂၅၀၀ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ် မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက် ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၀)၊ ရိပ်သာ(၁)လမ်း၊ မြေကွက်အမှတ်(၁၇၉)၊ မြေပေအကျယ် ဧရိယာ ၀ ဒသမ ၁၄၈ဧက၊ စတုရန်းပေ(၆၄၆၂)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခင်မာမာ ၁၁/မတန(နိုင်) ၀၀၀၀၇၁ က အထက်ပါမြေကွက်နှင့် ယင်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော အာစီရ်(၃–ထပ်) လုံးချင်းနေအိမ်အပါအဝင်ကို မိမိသာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိ၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး သားသမီးများမှ လည်း သဘောတူညီကြောင်းလက်မှတ်ရေးထိုးပေးသဖြင့် အဆိုပါအိမ်ခြံမြေ ကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးငြိမ်း ၁/မစန(နိုင်)၀၆၂၆၃၇ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4813 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/8168 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

## မော်လမြိုင်ခရိုင်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀၀

| | | | |
|---|---|---|---|
| ၁။ ဒေါ်ချိုချိုမာ | နှင့် | ၁။ ဦးကြည်စိန် | |
| ၂။ ဒေါ်စောကလျာ | | ၂။ ဒေါ်ညွှန့်အိန်း | |
| ၃။ ဦးမျိုးမြင့်ဦး | | ၃။ ဦးဘိုနီ | |
| ၄။ ဦးမိုးမြင့်ဦး | | ၄။ ဒေါ်ဟန်ရင် | |
| ၅။ ဦးရဲရင့်အောင် | | ၅။ ဦးအောင်နိုင် | |
| ၆။ ဒေါ်အေးမြတ်သူ | | ၆။ ဦးဟုတ်စိန် | |
| ၇။ ဒေါ်နဒီပိုင် | | | |
| ၈။ ဦးစည်သူလွင် | | | |
| ၉။ ဦးကျော်မင်းလှိုင် | | | |
| ၁၀။ ဦးမြတ်ကျော်လင်း(ကိုယ်တိုင် နှင့် ကျန်တရားလိုများ၏အခွင့်ရ ကိုယ်စားလှယ်) | | | |
| **တရားလိုများ** | | **တရားပြိုင်များ** | |

မော်လမြိုင်မြို့၊ အထက်လမ်းမကြီး၊ မတ္တမြားကျောင်းအနီး၊ အမှတ်(၁၂၁)နေ (၁)တရားပြိုင် ဦးကြည်စိန်၊ (၂) တရားပြိုင် ဒေါ်ညွှန့်အိန်း၊ (၃) တရားပြိုင် ဦးဘိုနီ၊ (၄)တရားပြိုင် ဒေါ်ဟန်ရင်၊ (၅) တရားပြိုင် ဦးအောင်နိုင်၊ (၆) တရားပြိုင် ဦးဟုတ်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်း လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ပန်းစိန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀)၊ ဒူးယား(၄)လမ်း/သရဖီလမ်း၊ မြေကွက်အမှတ်(၄၈၁)၊ မြေပေအကျယ် ပေ(၄၀ x ၆၀)ရှိ ဒေါ်သန်းသန်းဝင်း အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ မြေပေအကျယ် ပေ(၃၀ x ၆၀)၊ စတုရန်းပေ(၁၈၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပါတွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ်(၁ $\frac{1}{2}$ )ထပ်လုံးချင်းနေအိမ် အဆောက်အအုံကို အရပ် ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးစိုးအောင် ၁၄/မအပ(နိုင်)၁၂၂၃၅၄ က အထက်ပါအိမ်ခြံမြေကွက်ကို မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံ မြေကွက်အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်လွင် ၇/ပတန(နိုင်)၀၁၆၃၂၇ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄ ၊ ၀၉–၇၉၆၆၀၀၂၁၇**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးကိုကိုလေး၏သား ကျွန်တော် မောင်ကောင်းခန့်ကျော် ၁၂/လမန(နိုင်)၁၆၂၅၃၈ ၏ EFFICIENT ENGINE ROOM RATING CERTIFICATE (EER)မှာ အိမ်ပြောင်းရွှေ့ပြုလုပ်စဉ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၂၅၂၆၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၊ (၄)လမ်း၊ အဆောင်(၂၁)၊ အခန်းအမှတ်(၆)၊ အခန်း အကျယ်အဝန်း(၁၅ x ၄၀)ပေရှိသောဆိုင်ခန်းတစ်ခန်းကို ရောင်းချသူ ဦးသိန်းအေး ၁၂/မရက(နိုင်)၀၀၆၁၀၃ နှင့ ဒေါ်စန်းကြည် (LPN–၀၀၃၀၅၁) တို့က မိမိတို့သာ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ ဆိုင်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမင်းညိုမင်းဦး၏သား မော်လမြိုင်မြို့၊ SAM ကိုယ်ပိုင်အလယ်တန်းကျောင်း Grade–1 တန်းမှ မောင်ပြည့်ဘုန်းလျှံ နှင့် မောင်သူရိန်လင်းထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ပြည့်ဘုန်းလျှံ(ခ)**
**မောင်သူရိန်လင်းထက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့နယ်၊ အမက ကော့ခမယ်၊ Grade–4 မှ မပန်းအိဖြူ၏ဖခင် ဦးဖိုးဇော်နှင့် ဦးထွန်းဇော် ၁၀/မလမ(နိုင်)၂၃၄၁၅၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးဇော်(ခ)ဦးထွန်းဇော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မ အနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ်(ပ–၃၀၀၄၇) ကို အမည်ပေါက် ဦးတင်ဝေလွင်(ဘ) ဦးခြံ ၁၂/မရက(နိုင်)၀၇၀၂၃၇ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးအောင်မျိုးသာ (ဘ) ဦးချန်ထွန်းအောင် ၈/မကန(နိုင်) ၁၂၃၈၂၈ မှ ဒေါ်တင်မိုးလှိုင် (ဘ) ဦးသာအေး ၉/တကန(နိုင်)၀၀၂၂၃၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ) နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၀၉/၂၀၂၁ (၁၁–၆–၂၀၂၁)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအန ဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလ္လကုန်းဓနကြွယ်(က)ရပ်ကွက်၊ သုဒဿနလမ်း၊အမှတ်(၃)ဟုခေါ်တွင်သော(၂)ခန်းတွဲ(၇)ထပ်တိုက်၏ ၃-လွှာ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်နွဲ့နွဲ့အေး ၁၂/တမန(နိုင်)၀၀၇၈၉၅၊ ဒေါ်နေနွယ်ဇင်ဝင်း ၁၂/တမန(နိုင်)၁၀၂၁၆၄ နှင့် ဒေါ်မြတ်သစ္စာခိုင် ၁၂/တမန(နိုင်)၁၁၂၄၄၈ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်နှင်းနှင်းရီ ၁၁/စတန(နိုင်)၀၄၉၀၇၇ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘူမောင်(LL.B)(စဉ်–၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေရေိယာ ၀ ဒသမ ၃၃၀ ဧကရှိ မြေကွက်အမှတ် (ဥ–၄၀၅၄) ဦးသိန်းအောင် (ဘ) ဦးစိုးအေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်သူဟိန်း ၉/တကတ(နိုင်)၀၀၁၁၃၃ (ဘ) ဦးခင်မောင်မြင့်မှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၂၁/၂၀၂၂(၆–၁၀–၂၀၂၂) တင်ပြ၍ GRAND AT MYANMAR COMPANY LIMITED အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၃-လွှာ(ဒုတိယထပ်)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ကန်ထရိုက်တာထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အိရွှေစင် ၁၂/အစန(နိုင်)၂၀၂၃၄၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခိုင်ရီဝင်း ၁၂/ရကန(နိုင်)၀၀၃၀၂၂ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘူမောင်(LL.B)(စဉ်–၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## ညောင်ဦးမြို့၊ အံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော် ရွှေဆိုင်းဝယ်ယူရန် တင်ဒါခေါ်ယူခြင်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၃)ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းတော်မြတ်ကပ်လှူလျက်ရှိရာ တတိယပိုင်းလုပ်ငန်းစဉ်အတွက် လိုအပ်လျက်ရှိသော မျက်ပါးရွှေဆိုင်းများ ဝယ်ယူရန်ရှိပါသည်။ သို့ဖြစ်၍ ရွှေဆိုင်းတင်ဒါပေးသွင်းလိုသူများအနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ကျပ် ၅၀၀၀၀ိ/–နှုန်းဖြင့် ဝယ်ယူ၍ အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | **ဝယ်ယူမည့်ရွှေဆိုင်း** | – | (၂" x ၂") မျက်ပါးရွှေဆိုင်း (၈၀၀၀)ဆိုင်း |
| (ခ) | **လျှောက်လွှာတင်သွားရမည့် နောက်ဆုံးရက်** | – | ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၂)ရက် ၁၉–၉–၂၀၂၄ ရက် |
| (ဂ) | **ဈေးပြိုင်လေလံ/တင်ဒါပွဲ ကျင်းပမည့်ရက်** | – | ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၇)ရက် ၂၄–၉–၂၀၂၄ ရက် |
| (ဃ) | **ကျင်းပမည့်နေရာ** | – | အင်္ဂါထောင့်မဏ္ဍပ်၊ ရွှေစည်းခုံစေတီတော် |

၂။ အသေးစိတ်သိရှိလိုသော စည်းကမ်းချက်များနှင့်ပတ်သက်၍ ရုံးချိန်အတွင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ရွှေမှုက်လေလံ/တင်ဒါနှင့် ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများ**
**ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း–၀၉–၂၀၄၃၅၄၈၊ ၀၉–၂၀၄၃၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ–၂၁၀၀၇) ကို အမည်ပေါက် ဦးဝင်းလွင်(ဘ) ဦးသိန်းအောင် ၇/အတန(နိုင်)၀၁၅၃၈၃ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်မိုမိုအောင်(ဘ) ဦးမျိုးအောင် ၉/ငဇန(နိုင်)၀၇၈၃၁၀ မှ ဦးလှအောင် (ဘ) ဦးမောင်သိန်း ၉/မကန(နိုင်)၀၀၇၁၀၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ) နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၉၆/၂၀၂၃(၁၄–၇–၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်း (အထက) Grade–12 မှ မောင်လောက် ၈/ငဖန(နိုင်)၀၅၁၀၆၅ ၏ ဖခင်အမည်မှန်မှာ ဦးအံ ၈/ငဖန(နိုင်)၀၀၁၂၁၂ ဖြစ်ပါကြောင်း။

**ဦးအံ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်း(အထက) Grade–12 မှ မမေလင်းခိုင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၁၁/အမန(နိုင်)၀၄၃၁၂၄ ဖြစ်ပါကြောင်း။

**ဦးကျော်လင်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့(အထက) Grade–12 မှ မောင်မင်းခန့်ကျော် ၈/ငဖန(နိုင်)၀၅၆၂၅၉ ၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သန်း ၈/ငဖန(နိုင်)၀၁၁၆၂၇ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်သန်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၅၄/ဘီ)၊ ၃–လွှာ(ခြေရင်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုရောင်းချသူ ဒေါ်ခင်သူဇာနွယ် ၁၁/တကန(နိုင်)၀၉၆၂၁၉မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရာဇာထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၃၈၀၉၉)**
**အမှတ်(၁၄)၊ ပထမထပ်(ဘီ)၊ ဇမ္ဗူသီဂီလမ်း၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၂၁၇၂၄၆၃၅**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးမြို့နေ ၅/ရဥန(နိုင်) ၁၁၀၅၉၄ ကိုင်ဆောင်သူ၏ အမည်မှာ ဒေါ်သဇင်ဦး (ခ) ဒေါ်သင်းသင်းဟန်ဟု အမည်များ ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း။

## သင်္ဘောသားလက်မှတ် ပျောက်ဆုံးခြင်း

ကျွန်တော် ဦးစိုးမင်းထွန်း (CDC–21529) ကိုင်ဆောင်သော COP လက်မှတ်များ (ARPA/RADAR, ECDIS BRM) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားဆက်သွယ်ပေးပါရန်။

**ဖုန်း–၀၉–၉၇၃၄၁၈၅၃၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သုတလမ်းနှင့်သုတ(၆)လမ်းထောင့်ကွက်၊ မြေကွက်အမှတ်(၁၉၀/ခ)၊ မြေပေအကျယ် ပေ(၂၀x၆၀)၊ စတုရန်းပေ(၁၂၀၀)ရှိ ဒေါ်သိန်းသိန်းဦး အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးလှမြင့် ၁၂/ရကန(နိုင်)၀၅၉၂၈၃ နှင့် ဒေါ်ဝိုင်းစိန်(ခ)ချာလေငုတ် ၁၂/ရကန(နိုင်)၀၄၉၇၁၀တို့က အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၁ထပ်)လုံးချင်းနေအိမ် အပါအဝင်ကို မိမိတို့သာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့မှ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၆၃၃၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအေးချမ်းအောင် ၁၀/ခဆန(နိုင်)၀၇၈၆၁၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၂ ရပ်ကွက်၊ အကွက်အမှတ်(ဆ–၇)၊ ဦးပိုင်အမှတ်(၉၅–က)၊ ၇၀ x ၇၁ ကြား၊ ဇလပ်ဝါ x ခိုင်ရွှေဝါကြား (၁၀၈ x ၁၀၉) ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းဇော် ၉/နထက(နိုင်) ၁၃၂၀၂၀၊ ဒေါ်သီသီခိုင် ၁၃/တကန(နိုင်)၂၀၉၀၉၈ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ–၁)၊ ဦးပိုင်အမှတ် (၄၇ခဲစင်းတောင်ခြမ်း+မြောက်ခြမ်း)၊ ၅၉x၆၀ကြား၊ ၁၁၃x၁၁၄လမ်းကြားရှိတောဂရန် မြေကွက်အမည်ပေါက်သူ ဦးကျော်စိန် ၉/မနတ(နိုင်)၀၃၁၆၃၂(DL–၀၄၇၅၆၂) ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်သက်လှိုင် ၉/မရမ(နိုင်)၀၅၂၃၁၀ က တောဂရန်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ–၆)၊ ဦးပိုင်အမှတ် (၅၁–ခ)၊ ၁၀၆x၁၀၇ကြား၊ ၅၄x၅၅လမ်းကြားရှိ ဒေါ်လှညိမ်း အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဦးကောင်းမြတ်က တရားပြိုင် ဒေါ်လှညိမ်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉၁/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးကောင်းမြတ် ၈/ဆပစ(နိုင်)၀၉၄၀၂၆ က မြေကွက်၏ငွေသွင်းပြေစာမူရင်းမှာအသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ–၁၂)၊ ဦးပိုင်အမှတ်(၇၂)၊ ၄၇x၄၈လမ်းကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဂေါ်လုံစယူထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၁၉၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးစိန်မြင့် ၁၃/လရန(နိုင်)၁၃၂၃၈၉ က အမှုတွဲအမှတ် ၃၅၁၃/၂၀၂၄–၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၇၈

| | | |
|---|---|---|
| ဒေါ်နန်းပိုင် | **နှင့်** | ဒေါ်မာမာအေး |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက် ၅၂ x ၅၃ လမ်းကြား ၁၂၂ x ၁၂၃ လမ်းကြားနေ ဒေါ်မာမာအေး (ဘ)ဦးဘညို (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်မာမာအေး သင့်တို့အပေါ်၌ တရားလို ဒေါ်နန်းပိုင်က ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက် အကွက်အမှတ်(ညည–၆၀)၊ ဦးပိုင်အမှတ်(၅၄)၊ ရေိယာ ၀ ဒသမ ၀၅၁ ဧက အကျယ်အဝန်းရှိ ဒေါ်မာမာအေး အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေ လိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၉ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

သင့်သွေးဖြင့် အသက်ကယ်ပါ

❖ **လက်ရှိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင် လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကို ကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင် လုပ်ရပ်များဖြစ် ...**

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)တွင် ရှင်းလင်းတင်ပြမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့၌ စက်တင်ဘာ ၅ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

**ယနေ့ သတင်းအညွှန်း**

**ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းမုန်တိုင်းတိုက်ခတ် ၁၃ ဦးထက်မနည်း သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရ**

နိုင်ငံတကာသတင်း စာ ၁၃

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ**

ပြည်တွင်းသတင်း စာ ၂၀

## စားအုန်းဆီကို အိမ်တိုင်ရာရောက်စနစ်ဖြင့် ရောင်းချပေးလျက်ရှိ ဝယ်ယူသူများသဖြင့် Call Center ဖုန်းလိုင်းခွဲများတိုးချဲ့လက်ခံဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

စားအုန်းဆီများကို အိမ်တိုင်ရာရောက် စနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ဆက်သွယ်ဝယ်ယူသူပိုမိုများပြားလာသည့် အတွက်ကြောင့် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး မြို့နယ်များ အလိုက် Call Center ဖုန်းလိုင်းခွဲများ တိုးချဲ့လက်ခံ ဆောင်ရွက်ပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေး ကော်မတီမှ သိရသည်။

အဆိုပါ စားအုန်းဆီများကို အိမ်တိုင်ရာရောက် စနစ်ဖြင့် ရောင်းချပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖



## MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ရှုံးထွက်အဆင့် ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

၂၀၂၄ MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် ဒုတိယနေ့ကို စက်တင်ဘာ ၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဒုတိယနေ့ပွဲစဉ်များ အပြီးတွင် လက်ရှိချန်ပီယံ VUC အပါအဝင် MIU၊ Futsal-19 နှင့် Seven အသင်းကွာတားဖိုင်နယ်သို့ ထပ်မံတက်ရောက်ခဲ့သည်။ ရှုံးထွက်ပွဲစဉ် ဒုတိယနေ့တွင် လက်ရှိချန်ပီယံ VUC အသင်းက Generations အသင်းကို ငါးဂိုး- တစ်ဂိုး၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍




MIU အသင်းနှင့် YRG အသင်း ယှဉ်ပြိုင်နေစဉ်။

## မြန်မာ ယူ-၂၀ အသင်း ထိုင်းခြေစမ်းခရီးစဉ်တွင် ဘာရိန်း၊ ကမ္ဘောဒီးယား ယူ-၂၀ အသင်းအပါအဝင် ခြေစမ်းပွဲ သုံးပွဲကစားမည်

ရန်ကုန် စက်တင်ဘာ ၃

ယခုလအတွင်းယှဉ်ပြိုင်ရမည့် ၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်နေသည့် မြန်မာယူ-၂၀အသင်းသည် ဘာရိန်း၊ ကမ္ဘောဒီးယား ယူ-၂၀အသင်းအပါအဝင်ခြေစမ်းပွဲသုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းသည် ခြေစမ်းပွဲများအဖြစ် စက်တင်ဘာ ၅ ရက်တွင် ဘာရိန်း ယူ-၂၀ အသင်း၊ စက်တင်ဘာ ၉ ရက်တွင် ထိုင်းလိဂ်-၃ ကလပ်ဖြစ်သည့် ကမ်ဆမ်ဘန်ဒစ်ရှ်တက္ကသိုလ်အသင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ကမ္ဘောဒီးယား ယူ-၂၀ အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာယူ-၂၀အသင်းသည် စက်တင်ဘာ ၁ရက်မှ ၁၄ ရက်အထိ နှစ်ပတ်ကြာလေ့ကျင့်နေခြင်းဖြစ်ပြီး ယခင်က ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း ပြိုင်ဘက်အသင်းအချို့ အပြောင်းအလဲကြောင့် ခြေစမ်းပွဲသုံးပွဲသာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရဲရင့်လွင်